


# သေနည်းသင်တရားတော်

## သေ နည်း သုံး မျိုး

တရားတော်စာအုပ်စာရင်းများပါသည်

၁၂၃

ဟောကြားသည့်နေ့

၈–၈–၅၈

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၇)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# သေနည်းသင်တရားတော်

## ( သေနည်းသုံးမျိုး )

## တရားတော်စာအုပ်စာရင်းများပါသည်

ဟောကြားသည့်နေ့

(၈-၈-၅၈)

စာမူခွင့်ပြုချက်အမှတ် - ၁၈/၂၀၀၀ (၁)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသော

# သေနည်းသင်တရားတော်
# (သေနည်းသုံးမျိုး)

(၈-၈-၅၈)

ဝေဒနာကို အရင်ဖြတ်ရမှာပဲဆို ဒကာဒကာ ေတွ အမြင်သားပေါ့ဗျာ . . . (မှန်ပါ့)။

ကောင်းပြီ . . ဒါဖြင့် ကိုင်း . . . အားလုံး ဒကာဒကာမတွေ အချက်အလက် ပြောပြီနော် . . . (မှန်ပါ့) နားကြီးကြီးနဲ့ ထောင်ပါ၊ နားကြီးကြီးနဲ့ထောင်ပါ ဒကာဒကာမတို့. . . ။

## ၂

## ဖဂ္ဂုဏရဟန်းကို ဘုရားက လူမမာမေးတယ်

ဖဂ္ဂုဏ မင့်ဘယ့်နှယ်များ နေသတုံးကွာ၊ ဟာ. . . ဒီဝေ ဒနာ မသက်သာဘူးဘုရား . . (မှန်ပါ့) အေး . . . မင်းမှာ ဝေဒနာနဲ့ အနိစ္စမကွဲပြားဘဲ ဖြစ်နေတာကိုးကွ . . . (မှန်ပါ့)။

ဆုံးမပုံ၊ ဆုံးမပုံ သတိထားလိုက်စမ်းပါဦး၊ ဘာတဲ့ . . . (ဝေဒနာနဲ့ အနိစ္စ မကွဲပြားဘဲ ဖြစ်နေပါတယ်ဘုရား) ဝေဒနာနဲ့ အနိစ္စ မကွဲပြားဘဲ ဖြစ်နေတော့တယ် ဒကာဒကာမ တို့ . . . (မှန်ပါ့ဘုရား)။

ဝေဒနာနဲ့ အနိစ္စမကွဲပြားဘူးဆိုတော့ ဒကာဒကာမ တွေ ဘုန်းကြီးက အဲဒီနေရာကလေး ဉာဏ်ကူပြီးသကာလ ဆုံးဖြတ်ချက် ချပေးလိုက်ပါတော့မယ်။ ဝေဒနာကို ကျော်ပြီး သကာလ အနိစ္စတွေ့အောင်ရှာပါ။ ဝေဒနာကို ခွာဖြစ်အောင် ခွာပါလို့ သတိပေးလိုက်တယ် . . . (မှန်ပါ့)။

ဉပမာ . . . သစ်တစ်ပင်မှာ အကာတွေ ခွာလို့ရှိရင် အသားပေါ်ရမယ် . . . (မှန်ပါ့) မပေါ်ပေဘူးလား (ပေါ်ပါ တယ်ဘုရား) ဒီမှာလည်း ဝေဒနာခွာလိုက်လို့ရှိရင်ဖြင့် အနိစ္စတွေ့ပါလိမ့်မယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ကြပ်ကြပ်သတိထားစမ်းပါ ဝေဒနာခွာလိုက်ရင်

(အနိစ္စတွေ့ပါတယ်ဘုရား) ဟုတ်တယ် . . . တဲ့ ဖြစ်တာနဲ့ ပျက်တာ ဖြစ်တုန်းမှာ ဝေဒနာ၊ ပျက်တော့ ဝေဒနာ သဘော စွန့်ပြီး အနိစ္စမရောက်ဘူးလား . . . (ရောက်ပါတယ် ဘုရား)။

ဖြစ်တုန်းကတော့ . . . (ဝေဒနာပါဘုရား) ပျက်တော့ . . . (အနိစ္စပါဘုရား)။

**ဝေဒနာ၏အပျက်ကို တွေ့အောင်ရှုပါ။**

ဩော် . . . ဒါဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့ သန္တာန်မှာ နှိပ်စက်တဲ့ဝေဒနာတရား၏ အပျက်ကလေးကို တွေ့အောင်ရှုလို့ ရှိရင်ဖြင့် ဝေဒနာခွာ၍ အနိစ္စတွေ့ပါပြီ . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘာ. . . တဲ့ . . . (ဝေဒနာခွာ၍ အနိစ္စတွေ့ပါမယ်ဘုရား) သာမည အရေးကြီးတယ်များ ထင်ကြသလား . . . (မထင်ပါဘုရား)။

ဒကာဒကာမတို့ သေတဲ့အခါ ဒုက္ခဝေဒနာတော့ ရောက်ကြရလိမ့်မယ်။ ရကြလိမ့်မယ် ဆိုတာကတော့ဖြင့် ငြင်းဆန်မနေကြပါနဲ့တော့နော် . . . (မှန်ပါ့)။

အဲ့ဒီတော့ ဒီဝေဒနာသည်ကားလို့ ဆိုရင်ဖြင့် ဖြစ်တာနဲ့ ပျက်တာပဲရှိတယ် . . . (မှန်ပါ့ဘုရား) ဖြစ်တုန်းက ဝေဒနာ၊ ပျက်တော့ . . . (အနိစ္စပါဘုရား)။

အင်း . . . ဒါဖြင့် ဝေဒနာတုန်းကတော့ ဒုက္ခဝေဒနာက နှိပ်စက်တယ်ထားပါတော့၊ ပျက်သွားတဲ့ အခါကျတော့ သူတောင်ပျက်နေတဲ့ ဓမ္မဖြစ်တော့ ကိန်းရာပုဂ္ဂိုလ် နှိပ်စက်သေးရဲ့လား . . . (မနှိပ်စက်ပါဘုရား)။

## အနိစ္စနောက်က မဂ္ဂလိုက်လာတယ်

မနှိပ်စက်တော့ ဘာဖြစ်လို့ မနှိပ်စက်ပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ရှိရင် ဝေဒနာခွာတဲ့ပုဂ္ဂိုလ်မို့ အနိစ္စသာ တွေ့နေသောကြောင့် ဒကာဒကာမတွေ အနိစ္စနောက်ကနေပြီးသကာလ တွေ့တဲ့မဂ္ဂလိုက်လာတော့တယ် . . . (မှန်ပါ့)။

ဒါဖြင့် အနိစ္စကလည်း နာတာမဟုတ် တွေ့တဲ့မဂ္ဂကလည်း နာတာမဟုတ် သဘောကျပလား . . . (ကျပါပြီ)။

အနိစ္စကတော့ . . . (နာတာမဟုတ်ပါဘုရား) တွေ့တဲ့ မဂ္ဂကကော . . . (နာတာမဟုတ်ပါဘုရား)၊ ဒါ ဝေဒနာခွာနိုင်တဲ့ ပုဂ္ဂိုလ် ဒီနှစ်ချက်ရဆိုပါလား . . . (မှန်ပါ့)၊

ဝေဒနာကို ခွာထုတ်နိုင်တဲ့ပုဂ္ဂိုလ် ဘယ်နှစ်ချက်ရပါလိမ့် . . . (နှစ်ချက်ရပါတယ်ဘုရား)။ အနိစ္စကလည်း နာတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)။

မဂ္ဂကတော . . . (နာတာမဟုတ်ပါဘုရား) အနိစ္စရယ်လို့ ရှုနေတဲ့မဂ္ဂလည်း နာတာမဟုတ်ပါဘူး . . . (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ "ဝေဒနံ ဝိဂ္ဂမ္မေတွာ" လို့ ဆိုသောကြောင့် ဝေဒနာခွာပြီးသကာလ ဒကာဒကာမတို့ ဝေဒနာလား၊ အနိစ္စလားလို့ မေးပြီးသကာလ ဩော် . . . အနိစ္စပေါ်လာတာပါလား ဆိုပြီးသကာလ အနိစ္စရောက်တဲ့ သဘောကလေး ပါလာပြီဆိုပြီးသကာလ အပျက်ကလေးကို မြင်အောင်ကြည့် . . . (မှန်ပါ့)။

ဒါဖြင့် အပျက်ကလေးက ဘာပါလိမ့် . . . (အနိစ္စပါဘုရား) မြင်အောင် ကြည့်နိုင်တာကလေးက (မဂ္ဂပါဘုရား)။

နေရာကျလိုက်တာဗျာ . . . (မှန်ပါ့) အပျက်ကလေးဟာ ဘာတဲ့ (အနိစ္စပါဘုရား) မြင်အောင်ကြည့်နိုင်တာကလေးက (မဂ္ဂပါဘုရား) တယ်လည်းအဖိုးတန်ပါလား ဒကာဒကာမတို့ . . . (မှန်ပါ့)။

## သေခါနီးမှာ မဂ္ဂနှင့်နေပြပါ

ဒါဖြင့် သေတဲ့အခါမှာ ဝေဒနာခွာပြီးသကာလ ဝေဒနာကျော်လွှန်ပြီးသကာလ မဂ္ဂလိုက်ပြီးသကာလ ဒကာဒကာမတွေ သေခါနီးမှာ နေပြပါလို့ ဟောလိုက်တယ် . . . (မှန်ပါ့)။

တော်တော်အရေးကြီးတယ် ဒကာဒကာမတို့ ဒါ့ကြောင့် သာမညနားနဲ့ မထောင်ပါနဲ့ဆိုတဲ့ဥစ္စာ လေးလေး နက်နက်ကြီး မှာကြားရတယ်နော် . . (မှန်ပါ့)။

ဒါက ဘယ်လိုပုဂ္ဂိုလ်တုန်းဘုရားလို့ မေးတဲ့အခါကျ တော့ အခုကိုက အနိစ္စပိုင်ထားတဲ့ ပုဂ္ဂိုလ်မှရမယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## မီးမလောင်ခင်က ရေရှာထားကြ

အခုပိုင်ထားမှနော် . . . (မှန်ပါ့) မီးလောင်မှ ရေရှာလို့တော့ . . . (မရပါဘုရား)။

မီးမလောင်ခင်က မင်တည်းဟူသောရေကို ယခုက ရှာထားလို့ရှိရင် အနိစ္စတွေ့ရင် မဂ္ဂမဖြစ်ဖြစ်အောင် ကြိုးစား ထားလိုက်လို့ ရှိရင်ဖြင့် ဒကာဒကာမတို့ သေခါနီးမှာ မဂ္ဂ သစ္စာနဲ့သေရမယ် . . . (မှန်ပါ့) သဘောကျပလား . . . . (ကျပါပြီဘုရား)။

ဘာနဲ့သေရမလဲ . . . (မဂ္ဂသစ္စာဖြစ်ပြီး သေရပါ မယ်) မဂ္ဂသစ္စာဖြစ်ပြီး သေရမယ်ဆိုတော့ ဒကာဒကာမတို့ သာမညအဖိုးတန်တဲ့ အဖြေလား၊ အကြီးအကျယ်အဖိုးတန် တဲ့အဖြေလားဆိုတာ မေးခွန်းထုတ်ပါတော့ . . . (အကြီး အကျယ်အဖိုးတန်တဲ့အဖြေပါဘုရား)။

## သေနည်းသင်နေတဲ့တရား

စဉ်းစားကြပါ၊ စဉ်းစားကြပါ ဒကာဒကာမတို့ . . .

သေနည်းသင်နေတာနော် . . . (မှန်လှပါ) ဘုရားက အရှင်ဖဂ္ဂုဏကို သေနည်းသင်နေတဲ့တရားလို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)။

ဘုရား၏ကိုယ်စားလှယ်ဖြစ်တဲ့ ဘုန်းကြီးတို့ ဒကာဒကာမတို့ သေစရာလက်နက်တွေ ယူပြီးသကာလ မွေးဖွားလာတဲ့ပုဂ္ဂိုလ်မို့ သေမှာကေန်သိနေသောကြောင့် သေနည်းကောင်းပြနေတယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)။ ဘယ်လောက်များ အရေးကြီးသတုန်း . . . (ကြီးပါတယ်ဘုရား)။

အရှင်ဘုရား အသေသင်ရတာလည်း မလွယ်ပါကလားဆိုတာ လူမိုက်များပြောတော့ မွေးတစ်နေ့ သေတစ်နေ့လို့ ဆိုတာပဲ သို့သော် လားရာဂတိကို ထည့်ပြောနေတာ မဟုတ်ပါဘူး . . . (မှန်ပါ့ဘုရား)။

အခုဘဝကတော့ ဒကာဒကာမတို့ လားရာဂတိကိုကောင်းတာလည်း ဖြစ်ချင်ဖြစ်ရမယ် . . . (မှန်ပါ့) လားရာဂတိကို မရှိတဲ့အခြေအနေလဲ ရောက်ချင်ရောက်မယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဝေဒနာကျော်ပြီး အနိစ္စတွေ့အောင် ရှာပြီး သေပါလားဆိုတာ အဓိပ္ပါယ်ပြောလိုက်ပါတယ် (မှန်ပါ့)။

ဒါ့ကြောင့် ယဉ်ကျေးမှုရှိတဲ့ ဒကာဒကာမတွေ

ကတော့ ဩော် . . . ဖြစ်တာကဝေဒနာ ပျက်တာက အနိစ္စ ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ယဉ်ကျေးပြီးသားသူအတွက်မှာဖြင့် အသေ တတ်နေပြီ . . (မှန်ပ့ါ) မယဉ်ကျေးသေးတဲ့ပုဂ္ဂိုလ်ကတော့ ကျုပ်ဒီဝေဒနာနဲ့ ဒီတောင်ကမတက်တော့ပါဘူးဆိုပြီး ဝမ်းနည်းပြီး ဒေါသဇောနဲ့သေပြီး အပယ်ကျတတ်တယ် . . . (မှန်ပ့ါ) ဘယ်လောက်များ ကြောက်စရာ ကောင်းသလဲ (ကောင်းပါတယ်ဘုရား)။

## သေခါနီးဝေဒနာလာရင်

အသေမတတ်လို့ ဒကာဒကာမတို့နော် . . . (မှန်ပ့ါ) ဘယ်လောက်ထိအောင် ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ကြပလား (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သေခါနီး ဝေဒနာလာတဲ့အခါ ရှေးဦးစွာ ဘယ်လိုလုပ်ရမယ်ဆိုတာ တစ်နံပါတ်က ဝေဒနာခွာပါ၊ ဝေဒနာကျော်ပါ . . . (မှန်ပ့ါ)။ ဘာတွေ့ရမယ် . . . (အနိစ္စတွေ့ရပါမယ်ဘုရား) အနိစ္စ တွေ့ရပါမယ်နော် . . . (မှန်ပ့ါဘုရား)။

## ဝေဒနာခွာပြီး အနိစ္စတွေ့အောင်ရှာ

အဲဒီတော့ ဝေဒနာခွာပြီးသကာလ. . . . ဒါဝေဒနာ မဟုတ်ပါဘူးဆိုပြီး ခွာလိုက်ပြီးသကာလ အနိစ္စကိုဖြစ်ပြီး ပျက်သွားတဲ့သဘောကလေးကို ဒကာကြွယ်တို့ ဒကာအေး တို့က တွေ့အောင်ရှာလိုက် . . . (မှန်ပါ့)။

ရှာလိုက်တော့ တွေ့တယ်လို့ဆိုကြတော့ အတွေ့ ခံတာက အနိစ္စ၊ တွေ့ဉာဏ်ကမဂ္ဂ . . . (မှန်ပါ့)။

အတွေ့ခံတာက (အနိစ္စပါဘုရား) အတွေ့ဉာဏ်က (မဂ္ဂပါဘုရား) ဒါဖြင့် မဂ္ဂဆိုတာ ဝေဒနာရှုရင်းနဲ့ မဂ္ဂငါးပါး နဲ့လည်း သေနိုင်တယ် . . . (မှန်ပါ့)။

## ဖဂ္ဂုဏာသေနည်း

ဒို့ - ဒီလိုမသေပါဘူးတဲ့ ဖဂ္ဂုဏာကျတော့ ဒကာ ဒကာမတွေ သိပ်ကောင်းတယ်ဗျာ . . . အနိစ္စတွေ့တဲ့အပြင် အနိစ္စကို တစ်ခါမုန်းပြန်သေးတယ် ဖဂ္ဂုဏာမှာ . . . (မှန်ပါ့)။

နောက်ကြာလာတဲ့အခါကျတော့ အနိစ္စဆုံးပါရော (မှန်ပါ့ဘုရား)။

ဒါဖြင့် အနိစ္စတွေ့ အနိစ္စမုန်း အနိစ္စဆုံးပြီးသကာလ ဖဂ္ဂုဏာလေးခါလောက် ဒီအတိုင်း ဖြစ်သွားတယ် (မှန်ပါ့) အနိစ္စမြင် အနိစ္စမုန်း အံနိစ္စဆုံးတယ်၊ ၁-နံပါတ် (မှန်ပါ့)

နောက်တစ်ခါပြန်ကြည့်တော့လည်း အနိစ္စမြင် အနိစ္စမုန်း အနိစ္စဆုံးတယ် . . . (မှန်ပါ့) နှစ်ခါရှိသွားပြီ . . . (မှန်ပါ့)။

နောက်တစ်ခါကျတော့ အနိစ္စမြင် အနိစ္စမုန်း အနိစ္စဆုံးသွားတယ် ဘယ်နှစ်ခါရှိပလဲ . . . (သုံးခါရှိပါပြီဘုရား) ဝေဒနာကို ကျော်ကျော်သွားတယ်နော် . . . (မှန်ပါ့)။

စတုတ္ထအကြိမ်ကျပြန်တော့လဲ အနိစ္စမြင် အနိစ္စမုန်း၊ အနိစ္စပဲဆုံးသွားတယ် . . . (မှန်ပါ့) အနိစ္စဆုံးတော့ နိစ္စနိဗ္ဗာန် တွေ့ရတာပေါ့ဗျာ. . . (မှန်ပါ့) မတွေ့ရဘူးလား . . . (တွေ့ ရပါတယ်ဘုရား)။

တွေ့တော့သူရဟန္တာဖြစ်ရော . . . (မှန်ပါ့) သူအနိစ္စ အဆုံးမြင်တာနဲ့ ရဟန္တာဖြစ်တာနဲ့ စုတိစိတ်နဲ့ဟာ တစ်ပြိုင် နက်လို ချုပ်ပြီးသကာလ သမသီသီ ရဟန္တာဖြစ်သွားတယ် . . . (မှန်ပါ့)။

## မြတ်စွာဘုရားပြန်ကြွတော်မူတယ်

ဒါနဲ့ ဘုရားသခင်ကိုယ်တော်ကြီးကလည်း ငါ့ တရားနာ ရလို့ သူ့ခန္ဓာထဲ ဉာဏ်ရောက်ပကွာ . . . ဆိုပြီး သကာလ ဝေဒနာခွာနိုင်တဲ့ ပုဂ္ဂိုလ်ကလေး၊ ဝေဒနာကျော် နိုင်တဲ့ ပုဂ္ဂိုလ်ကလေးဖြစ်လေသောကြောင့် ငါဘုရား ကြွချိန် တန်ပြီဆိုပြီး ဘုရားလဲ ကြွသွားပါရော ဒီမှာလည်း ရဟန္တာဖြစ်

တာနဲ့ စုတိချုပ်တာနဲ့ ဒကာကြွယ်တို့ ဒကာအေးတို့ ဒကာသိုက်တို့ တစ်ပြိုင်နက်လို ဖြစ်သွားတယ် . . . (မှန်ပါ့)။

သတိထားစမ်းပါ . . . သတိထားစမ်းပါ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဝေဒနာကျော်ပြီး အနိစ္စတွေ့တဲ့ ဒကာဒကာမတွေ၏ အဖြစ်တွေဟာ ဘယ်လောက် မွန်မြတ်တယ်ဆိုတာ ပေါ်လာအောင်လို့ ပြောရတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဖဂ္ဂုဏာရဟန္တာ၏ထူးခြားချက်များ

ဒါနဲ့ ဘုရားသခင်ကြွသွားရော ရှင်အာနန္ဒာက အနားမှာရှိတော့ သူဝိညာဏ်ချုပ်တဲ့အချိန်မှာ ရဟန္တာဖြစ်တာနဲ့ ဝိညာဏ်ချုပ်တာနဲ့ တစ်ပြိုင်နက်လို ဖြစ်တော့ ခေါင်းကြည့်လိုက်ပြန်တော့ လက်ယာဘက် စောင်းနေတယ် (မှန်ပါ့)။

သတိထားကြစမ်းပါ၊ ခေါင်းဘယ်ဘက် စောင်းပါလိမ့် . . . (လက်ယာဘက် စောင်းပါတယ်ဘုရား) ဖဂ္ဂုဏာရဟန္တာဖြစ်သွားတော့ စောင်းတာက လက်ယာဘက်စောင်းတယ် . . . (မှန်ပါ့ဘုရား)။

မျက်စိတွေ, နားတွေ, နှာခေါင်းတွေ အခုအချို့ ပုထုဇဉ်တွေ သေတော့ မျက်စိတွေမှိတ် . . . (မှန်ပါ့) ကြည်

ကြည်လင်လင်ကော ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

နားတွေကလည်း နောက်လန်ကော့ . . . (မှန်ပါ့) ဒီလိုမနေဘူးလား . . . (နေပါတယ်ဘုရား) အသားတွေကလည်း ဖြူတဲ့ပုဂ္ဂိုလ်ကလည်း အမျိုးမျိုးဖောက်ပြန်၊ မည်းတဲ့ပုဂ္ဂိုလ်ကလည်း အမျိုးမျိုးဖောက်ပြန်နေတတ်ကြတယ် . . . (မှန်ပါ့)။

## ရှင်အာနန္ဒာအနားမှာရှိတယ်

ရှင်အာနန္ဒာက ဖဂ္ဂုဏမထေရ် ကြည့်လိုက်တယ်၊ ခေါင်းကလေး ကြည့်လိုက်ပြန်လည်း လက်ယာဘက်စောင်း၊ မျက်စိ, နား, နှာခေါင်းတွေ ကြည့်လိုက်ပြန်တော့လည်း လူကောင်းလို မသေတဲ့လူများလိုပဲ ကြည်ရွှင်နေသတဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ခေါင်းက ဘယ်ဘက်စောင်းပါလိမ့် . . . (လက်ယာဘက်စောင်းပါတယ်ဘုရား) မျက်စိ, နား, နှာခေါင်း, ကိုယ်တွေက ဘာတဲ့ (ကြည်လင်ပါတယ်ဘုရား) အကုန်ကြည်လင်နေတယ် (မှန်ပါ့ဘုရား)။

ဒါနဲ့ သူက ဖဂ္ဂုဏအလောင်း ထားပစ်ခဲ့ပြီးသကာလ ဘုရားထံ သွားတယ်၊ ဘုရားထံသွားပြီး ဒကာဒကာမတို့ . . . အရှင်ဘုရား ဖဂ္ဂုဏမထေရ်သေပုံ ထူးလွန်းလို့ပါ ဘုရားတဲ့ . . . (မှန်ပါ့).

ဘယ်လိုများ ထူးဆန်းသတုံး အာနန္ဒာ . . . လို့ မေးတော့ထူးပုံက ခေါင်းကလည်း လက်ယာဘက်စောင်းလို့၊ မျက်စိ၊ နား၊ နှာခေါင်းတွေကဘဲ မသေတဲ့လူလိုပဲဘုရား ကြည်လင်နေတယ်၊ အဲဒါ ငါဘုရားတရားကို နှလုံးသွင်းပြီး ငါက ဝေဒနာခွာ၊ ဝေဒနာကျော်ဆိုလို့ သူက ဝေဒနာနဲ့ အနိစ္စနဲ့ မဂ္ဂနဲ့ချည့်မြင်သွားတယ်၊ ဒါကြောင့် ရဟန္တာ ပရိနိဗ္ဗာန်စံတာ . . . (မှန်ပါ့) ပုထုဇဉ် အဖြစ်နဲ့ သေတာမဟုတ်ဘူးတဲ့ . . . (မှန်ပါ့)။

## သေခါနီးမှာ ဝေဒနာကျော်ပြီး အနိစ္စတွေ့သွားလို့

ဒကာဒကာမတို့ နဂိုက ဘာမှမဖြစ်ခဲ့ဘူးနော်. . . (မှန်ပါ့ဘုရား) သေခါနီးမှ ဝေဒနာကျော်သွားပြီး အနိစ္စ တွေ့အောင်ရှာနိုင်တဲ့အချက်ကလေး မည်မျှလောက် ခရီး ပေါက်ရောက်သွားတယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

သေတတ်ကြပလား . . . (သေတတ်ပါပြီဘုရား) ဘယ်လို သေကြပါ့မလဲ . . . (ဝေဒနာခွာပြီး အနိစ္စ မြင်အောင် ရှုရပါမယ်ဘုရား) ဝေဒနာကျော်ပြီးတော့ ဘာတွေ့ရမလဲ . . . (အနိစ္စတွေ့ရပါမယ်ဘုရား)။

အနိစ္စတွေ့အောင် ရှာပြီးသကာလ အနိစ္စရှုရင်း၊

အနိစ္စမုန်းရင်း၊ အနိစ္စဆုံးရင်း အနိစ္စကလေးကို မမြင်ရအောင် ဆုံးသွားတဲ့ အခြေအနေရောက်အောင် ဒကာဒကာမတွေ ရှုလိုက်လို့ရှိရင် ၁-နံပါတ်အဆင့်ဆိုရင် သောတာပန် . . . (မှန်ပါ့)။

၂-နံပါတ်အဆင့်ဆိုရင် အနိစ္စမြင်, အနိစ္စမုန်း, အနိစ္စဆုံးသွားရင် သကဒါဂါမိ . . . (မှန်ပါ့)။

၃-နံပါတ်အဆင့် အနိစ္စမြင်, အနိစ္စမုန်း, အနိစ္စဆုံးသွားရင် အနာဂါမိ . . . (မှန်ပါ့)။

၄-နံပါတ်က ဝေဒနာကျော်ပြီးသကာလ အနိစ္စမြင်, အနိစ္စမုန်း, အနိစ္စဆုံးရင် ဘာတဲ့ . . . (ရဟန္တာပါဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘုန်းကြီးတို့ ဒကာဒကာမတွေ ကိုယ့်သေရာလက်နက်ကြီး ကိုယ်ယူလာငြားသော်လည်း နောင်တစ်ခါမှာ နောင်တစ်ဖန်မသေနိုင်တဲ့နည်းကိုဖြင့် ဆရာဘုန်းကြီးက ပေးပြန်တော့တယ် . . . (မှန်ပါ့)

ဘာနည်းပါလိမ့် . . . (နောင်တစ်ဖန် သေထည်မရတဲ့နည်းပါဘုရား)၊ မယူထိုက်ဘူးလား၊ ယူထိုက်သလား . . . (ယူထိုက်ပါတယ်ဘုရား)။

ဒီတရားမှာ ဒကာဒကာမတို့ ဒီလိုထားလိုက်စမ်းပါ၊ အဖန်ဖန်သေချင်ရင် ဒီနည်းကိုမယူပါနဲ့ . . . (မှန်ပါ့)၊ အဖန်

ဖန်မသေချင်တော့ပါဘူး၊ သေတဲ့လက်နက်ကြီးကို ရွက်ပြီး သကာလ သေခြင်းဆိုးလည်း မသေချင်ပါဘူးဘုရား ဆိုလို့ ရှိရင်ဖြင့် ဝေဒနာခွာပြီးသကာလ. . . အနိစ္စရှာပြီး တွေ့အောင်၊ မုန်းအောင်၊ ဆုံးအောင် လုပ်လိုက်စမ်းပါ. . . (မှန်ပါ့)။

## သေမည့်ပုဂ္ဂိုလ်တွေမှ သေနည်းသင်ပေးတာပါ

သတိပေးထိုက် မပေးထိုက်. . . (ပေးထိုက်ပါတယ်ဘုရား)။

ဒါကြောင့် အားလုံး ဒကာဒကာမတွေ မပျင်းကြနဲ့၊ သေနည်းသင်တယ်ဆိုတာ သေမယ့်ပုဂ္ဂိုလ်တွေမှ သင်တာလို့ မှတ်လိုက်. . . (မှန်ပါ့)၊ တယ်အရေးကြီးပါလား. . . (ကြီးပါတယ်ဘုရား)။

ဒကာကြွယ်. . . သာမညလား၊ အလွန့်အလွန်လား . . . (အလွန့်အလွန်ပါဘုရား)၊ ဒီအထဲမှာ အကုန်မဆိုင်ဘူးလား ဒီတရား. . . (ဆိုင်ပါတယ်ဘုရား)။

အကုန်ဆိုင်သောကြောင့် ခင်ဗျားတို့ ပေါ့ပေါ့တန်တန်နဲ့ အပင်ပန်းခံပြီး ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ နာနေတဲ့အခါမှာ ဘုန်းကြီးတို့ ဒကာဒကာမတွေက အရယူလိုက်စမ်းပါ၊ ဒီသေနည်းကိုဖြင့် အရယူပြီဟ. . . လို့ ဆုံးဖြတ်ချက်ချပါနော် . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ဖဂ္ဂုဏာသေပုံ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဝေဒနာခွာပြီး ဘာတွေ့သလဲ . . . (အနိစ္စတွေ့ပါတယ်ဘုရား)။

ပထမ အနိစ္စတွေ့၊ ဒုတိယ အနိစ္စမုန်း၊ တတိယ အနိစ္စဆုံးအောင် ရှုပစ်လိုက်တယ်. . . (မှန်ပါ့)၊ အနိစ္စဆုံးအောင် ရှုပစ်လိုက်တော့ နိစ္စနိဗ္ဗာန်တွေ့ပါတယ်နော်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## သေနည်းသုံးမျိုး

အဲဒီလို သေလိုက်တော့ ရှင်အာနန္ဒာကို ရဟန္တာဖြစ်ပြီးသေတာကွ. . . လို့ ဘုရားကဟောလိုက်တော့၊ အာနန္ဒာ . . . သံဃာတွေ အစည်းအဝေးစုရုံးလိုက်ဟေ့. . . သေနည်းသုံးမျိုး ငါဟောမယ်ဆိုပြီး တရားစလာတာပဲ. . . (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးကလည်း ဘုရားဟောတော်မူတဲ့အတိုင်း ဘုန်းကြီးတို့ ဒကာဒကာမတွေကို သေနည်းသုံးမျိုးကိုဟောပြပါ့မယ်. . . (မှန်ပါ့ဘုရား)၊ အခု ရဟန္တာဖြစ်ပြီးလို့ သေနည်းက တစ်မျိုးနော်. . . (မှန်ပါ့)။

ကိုင်း- ဒါဖြင့် ဒကာဒကာမတို့ ဖဂ္ဂုဏာမှာတော့ ဘုရား က အနားလာပြီးသကာလ ဟောတော်မူတာမဟုတ်လား . . . (မှန်ပါ့ဘုရား)။

## ဝေဒနာကျော်လိုက်ရင် အနိစ္စတွေ့တာပဲ

မင်းဟာ ဝေဒနာကျော်လိုက်ပါလားကွ၊ ဝေဒနာကျော်လိုက်ရင် အနိစ္စတွေ့တာပဲ. . . လို့ ဟောလိုက်တဲ့အတွက် သူ အနိစ္စတွေ့အောင်ရှာ၊ အနိစ္စကိုမုန်း၊ အနိစ္စဆုံးလို့ ရဟန္တာဖြစ်ပြီး လက်ယာဘက်ခေါင်းစောင်း ကုန္ဒြေတွေအကုန်ကြည်လင်ပြီးသကာလ. . . သေပွဲဝင်ရတော့ ဘုရားဆီ ရှင်အာနန္ဒာသွားတော့ အဲဒါ ဖဂ္ဂုဏသေတာမဟုတ်ဘူး၊ ဒုက္ခခပ်သိမ်းငြိမ်းပြီးသကာလ ရဟန္တာ ပရိနိဗ္ဗာန်စံတာလို့ဘုရားက မဟောလိုက်ဘူးလား. . . (ဟောလိုက်ပါတယ်ဘုရား)၊ တယ် ဝမ်းသာစရာကောင်းတယ်. . . (မှန်ပါ့)။

ဒါဖြင့် အဲဒီ ပုထုဇဉ်ဘဝနဲ့ ဝေဒနာရတယ်. . . (မှန်ပါ့)၊ ဒကာဒကာမတွေ ဘာနဲ့ဝေဒနာရပါလိမ့်. . . (ပုထုဇဉ်ဘဝနဲ့ ဝေဒနာရပါတယ်ဘုရား)။

သို့သော်. . . ဘုရားက ဝေဒနာကျော်လိုက်ကွ၊ ခွာလိုက်ကွ အနိစ္စရှာလိုက်ကွ. . . လို့ ဟောလိုက်တဲ့အတွက် ဒကာဒကာမတွေ ရဟန္တာအဖြစ်ကျအောင် ရောက်သွားတယ်ဆိုတာဖြင့် ငြင်းဖို့လိုသေးသလား. . . (မလိုပါဘုရား)၊ ဘယ်လောက်အဖိုးတန်တယ်ဆိုတာပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ယနေ့တရားပွဲမှာ နာရတဲ့ ဒကာဒကာမ တွေဖြင့် ဩော်. . . သေမယ့်ခန္ဓာကြီး ရထားတာ ဘယ်လို သေ ရမှန်းမသိသေးဘူးဆိုတာ ဖျောက်လိုက်. . . (မှန်ပါ့ဘုရား)၊ ဘာဖျောက်ရမယ်. . . (ဘယ်လိုသေရမှန်း မသိဘူး ဆိုတာ ဖျောက်ရပါမယ်ဘုရား)။

ဘယ်လိုသေရမှန်းမသိသေးဘူးဆိုတာ ဖျောက်လိုက် စမ်းပါတော့. . . (မှန်ပါ့)၊ ဘာနဲ့ဖျောက်ရတုံး. . . ဆိုတော့ ဝေဒနာခွာမှု. . . (မှန်ပါ့)။

ဝေဒနာခွာမှု. . . ဆိုတာ ဝေဒနာမဟုတ်ဘူး၊ ဒီဥစ္စာ အနိစ္စလို့ ဉာဏ်ရှုလိုက်. . . (မှန်ပါ့)၊ ရှုလိုက်တဲ့အခါ အနိစ္စ မြင်လာမယ်၊ မြင်လာရင် မုန်းမှာပဲ. . . (မှန်ပါ့)၊ မုန်းလာရင် အနိစ္စဆုံးတာ မကျေနပ်ပေဘူးလား. . . (ကျေနပ်ပါတယ် ဘုရား)။

အဲ. . . ဒီမှာ သောတာပန်၊ နောက်တစ်ခါ ဆုံး သကဒါဂါမ်၊ နောက်တစ်ခါဆုံး အနာဂါမ်၊ နောက်တစ်ခါ ဆုံး ရဟန္တာအဖြစ်နဲ့ သေတော့ လက်ယာဘက်ခေါင်းစောင်းပြီး သကာလ ကျနြေကြည်လင်ပြီး သေသောကြောင့် ပရိနိဗ္ဗာန် စံတာ. . . (မှန်ပါ့)။

ဒါအကြောင်းပြုပြီးသကာလ ဘုရာသခင်ကိုယ်တော် မြတ်ကြီးက အာနန္ဒာ သံဃာတွေစုရုံးလိုက်ဟေ့. . . သေ

နည်းသုံးမျိုးဟောမယ်ဆိုပြီး သေပုံသေနည်းဟောတော်မူတယ်. . . (မှန်ပါ့ဘုရား)။

ဘုန်းကြီးတို့ ဒကာဒကာမတွေအတွက် ဟောရတဲ့ ဆရာသမားကလည်း ဝမ်းမြောက်လိုက်တာ၊ ဒကာဒကာမတွေကလည်း ဒီအတိုင်းသာ လုပ်မယ်ဆိုလို့ရှိရင်ဖြင့် တို့ဖြင့် မကြောက်ပါဘူး၊ ဒီနည်းနဲ့အသုံးချမှာပေါ့လို့ အခု ရဲရဲတင်းတင်းလုပ်ထားလိုက်စမ်းပါ. . . (မှန်ပါ့)။

ဒါကြောင့် မီးလောင်မှလည်း ရေမရှာပါနဲ့ဆိုတဲ့ သတိပေးချက်ကလေးကလည်း မမေ့လိုက်ပါနဲ့. . . (မှန်ပါ့)၊ ယခုကိုက အနိစ္စတွေ့အောင်ရှာထားကြပါလို့ ဆိုတာကို လေးလေးနက်နက် သတိပေးလိုက်ပါတယ်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ပထမသေနည်း

ကောင်းပြီ၊ သေနည်းသုံးမျိုး ငါဟောမယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော့ ငါကတော့ ပရိနိဗ္ဗာန်စံမှာပါတဲ့၊ ငါမရှိတော့ ဒိပြင်ပုဂ္ဂိုလ်တွေ ဘယ်လိုသေကြမယ်ဆိုတဲ့ မေးခွန်းထုတ်ဖို့ မင်းတို့လိုလာတဲ့အတွက် ငါဘုရားရှိတဲ့အခါကျတော့ ငါဘုရားတရားနာပြီး ငါဘုရားကဝေဒနာခွာဆိုခွာကြ၊ ဒီလိုသေတော့ ငါဘုရားရှိတုန်းပြောတဲ

စကားတော့ ဒေ ခု ဖဂ္ဂုဏက ထောက်ခံချက်ပေးသဖြင့် သေချာပေါ့ကွာ. . . (မှန်ပါ)။

ငါဘုရားမရှိရင် မင်းတို့ ဘယ်လိုသေကြမတုံး. . . ဆိုတာလည်း မေးစရာရှိနေလို့ သေနည်းကို ငါဘုရားရှိတုန်း ငါဘုရားတရားဟော၍ သေပုံကတစ်မျိုး. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ငါဘုရားမရှိသည့်နောက်ကျတော့ ငါဘုရား၏ တပည့်များ ဝိပဿနာနိုင်နင်းတဲ့ပုဂ္ဂိုလ်များပေါ့ဗျာ. . . ခုနင်က ဒါနတရား၊ သီလတရားလောက်နဲ့လည်း ရဟန္တာ တိုက်ရိုက်မဖြစ်ပေဘူးပေါ့ဗျာ၊ သေခါနီးမှာနော်. . . (မှန်ပါ)။

## ဒုတိယသေနည်း

အဲဒီတော့ အခုလိုဝေဒနာတွေ့တဲ့အခါကျလို့ရှိရင် ငါဘုရား တပည့်သာဝကများပင့်ပြီးသကာလ. . . မင်းတို့သည် ဤကဲ့သို့ ဝိပဿနာအလုပ်ကို လုပ်ပါလား၊ ဝေဒနာကျော်ပါလား၊ ဝေဒနာခွာပါလား၊ အနိစ္စတွေ့အောင် ရှာပါလား၊ ဒီလိုပုဂ္ဂိုလ်တွေနဲ့ မင်းတို့တွေ့အောင် ရှာပြီးသကာလ. . သေကြမယ်ဆိုရင်လည်း ပုထုဇဉ်အဖြစ်ကနေပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်ပါတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

တစ်နည်း ရဟန္တာလည်းဖြစ်နိုင်ပါတယ်၊ အတက်ကောင်းလို့ရှိရင် နော်. . . (မှန်ပါ)။

ဒါဖြင့် ဘုရား၏ တပည့်သားဆီ တရားနာ, တရားအားထုတ် သေရလို့ရှိရင်လည်း သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန္တာကျအောင် ဖြစ်နိုင်ပါတယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘုရားမရှိတော့လို့ ဘုရားနဲ့မတွေ့ရလည်း မပူနဲ့ပေါ့ဗျာ. . . (မှန်ပါ)။

ဘုရား၏တပည့်သားများ အဂ္ဂအညီ အထောက်အပံ့ ဝိပဿနာအကူအညီတွေနဲ့ သေကြမယ်ဆိုလို့ရှိရင်လည်း သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်နိုင်တယ် အာနန္ဒာလို့ ဘုရားက မမှာလား. . . (မှာပါတယ်ဘုရား)၊ နှစ်ချက်ရှိသွားပြီ. . . (မှန်ပါဘုရား)။

ဘုရားရှိရင် ဘုရား၏နည်းနဲ့ တရားနာပြီးသေပေါ့ဗျာ. . . (မှန်ပါ)၊ ဘုရားမရှိသည့်နောက် ဘုရား၏တပည့်သားတွေ၏တရားကို နည်းယူပြီးသကာလ ဝေဒနာခွာတဲ့နည်းယူပြီး သကာလ ရှုပွားပြီးသေကြလို့ မဟောလား. . . (ဟောပါတယ်ဘုရား)။

ဒီလိုဆိုတော့လည်း သောတာပန်, သကဒါဂါမ်,

အနာဂါမ် ရဟန္တာမဖြစ်နိုင်ဘူးလား. . . (ဖြစ်နိုင်ပါတယ် ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘုရားကလည်းမရှိတာ သေချာပြီ. . . (မှန်ပါ့)၊ ဘုရား၏တပည့်သားမြေးတွေက လည်း ဟောနိုင်တဲ့ပုဂ္ဂိုလ်က အဝေးရောက်နေမယ်၊ မဟော နိုင်တဲ့ပုဂ္ဂိုလ်က အနီးရောက်နေမယ်ဆိုလို့ရှိရင်လည်း တော်ရုံ တန်ရုံနဲ့ ပြီးချင် ပြီးသွားမယ်. . . (မှန်ပါ့)၊ ဒီလိုလည်း အချိုး မကျသေးဘူးပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

## ဘုရားမရှိရင် ဘယ်နှယ်လုပ်ရမှာတုံး

အဲဒီတော့. . . ဘုန်းကြီးတို့ ဒကဒကာမတွေ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက မှာပြန်ပြီ၊ ငါဘုရားလည်းမရှိ ဘူး၊ ငါဘုရား၏ တပည့်သားကောင်းလည်း မတွေ့ကြုံဘူး၊ ဒီဝေဒနာသည် ဘယ့်နှယ်လုပ်ရမတုံး. . . ဆိုတော့ ဒီလိုရှိ တယ်။

အခု ဒကာဒကာမတွေ ဘုန်းကြီးတို့ဆီမှာနာနေတဲ့ ဒကာဒကာမတွေ ဝေဒနာရှုလိုက်မယ်ဆိုရင် ဝေဒနာဟာ ခဏပဲတွေ့တာပဲ၊ တော်တော်ကြာ ဖျပ်ဖျပ်နဲ့ အနိစ္စကလေး တွေပဲမြင်တာပဲ. . . (မှန်ပါ့)၊ သေချာကြရဲ့လား. . . (သေချာ ပါတယ်ဘုရား)။

အင်း. . . ကျုပ်တို့က ကျော်တတ်ပြီးသား၊ လွှားတတ်ပြီးသား၊ ခွာတတ်ပြီးသားဆိုတဲ့ အဓိပ္ပာယ်မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

**တတိယသေနည်း**

ဒါကြောင့် ယခုကနေပြီးသကာလ. . . ဖြစ်ပျက်တွေ့အောင်ရှာထားပါဆိုတာများ မှာထိုက်သဗျာ. . . (မှန်ပါ့)၊ မမှာထိုက်ကြဘူးလား ဒကာဒကာမတို့. . . (မှာထိုက်ပါတယ်ဘုရား)။

ကောင်းပြီး. . . ဒါဖြင့် ငါဘုရားမရှိလို့ရှိရင်လည်း မင်းတို့သည်ကားလို့ဆိုရင် ကိုယ်နာထားတဲ့တရား ရရှိထား၊ ကိုယ်နာထားတဲ့တရားကို မင်းတို့ဟာမင်းတို့ ဝေဒနာခွာတဲ့ပြီး သကာလဖြစ်ပျက် အနိစ္စကလေးရှုပွားပြီးသကာလ မင်းတို့နေကြမယ်ဆိုရင်ငြင့် ဖြစ်ပျက်မြင်မှာပါပဲ. . တဲ့. . . (မှန်ပါ့)။

ဖြစ်ပျက်မုန်းတာက အနိစ္စမုန်းပဲ မကျဘူးလား. . . (ကျပါတယ်ဘုရား)၊ ဖြစ်ပျက်ဆုံးတာကော အနိစ္စဆုံးမှာဘာနိဗ္ဗာန်ရှိသလဲ. . . (နိစ္စနိဗ္ဗာန်ရှိပါတယ်ဘုရား)။

နိစ္စနိဗ္ဗာန်ရှိတယ်ဆိုတာ အနိစ္စဆုံးရင် နိစ္စနိဗ္ဗာန်ဟာ ဉာဏ်နဲ့ အာရုံပြုလိုက်တော့တာပဲ. . . (မှန်ပါ့)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဘုရားမရှိသော်လည်း မပူပါနဲ့၊ ဆရာသမားတွေမရှိသော်လည်း မပူပါနဲ့၊ ကိုယ့်ဟာကိုယ် ဝိပဿနာရှုပြီး ဝေဒနာခွာပြီး အနိစ္စရှုသေရင်လည်း သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန္တာဖြစ်နိုင်ပါတယ်. . . (မှန်ပါ့)၊ ပူစရာများရှိသေးသလား. . . (မရှိပါဘုရား)။

## သေနည်းသုံးမျိုး

ဒါဖြင့် ၁-နံပါတ် ဘုရားတရားနာရလို့ အားထုတ်ဖြစ်လို့ သေရင်လည်း သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်၏. . . (မှန်ပါ့)။

၂- နံပါတ်ဘုရား၏ တပည့်သားများတရားကို နာရလို့ ကျင့်ရ, ကြံရ, ကြိုးကုတ်ရ, အားထုတ်ရလို့ရှိရင်လည်း သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်၏ ပေါ့ဗျာ (မှန်ပါ့)။

ဘယ်သူမှ ဒီနှစ်မျိုးသောပုဂ္ဂိုလ်တို့ကို ဒကာဒကာမတွေက မတွေ့ရတော့ပါဘူးဆိုလို့ရှိရင်ဖြင့် ကိုယ်အားထုတ်တဲ့ တရားကို ကိုယ်ပြန်ပြီးသကာလ ဝေဒနာခွာတဲ့ပြီးသကာလ အနိစ္စတွေ့အောင်, အနိစ္စမုန်းအောင်, အနိစ္စဆုံးအောင် ကိုယ်ဟာကိုယ်ဆင်ခြင်သေလဲ ဘုရားရှိတုန်းကလိုဘုရား၏ တပည့်သား တရားနာတုန်းကလိုပဲ ထိုသေနည်းဟာ သေနည်းသုံး

မျိုးအတူတူပဲ . . . ကွ ရဟန္တာထိအောင် ဖြစ်နိုင်တာချည်းပဲ (မှန်ပါ့ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဘုရားဟောတော်မူတဲ့ ဒီသေနည်းကို ဆရာဘုန်းကြီးက နည်းပေးထိုက် . . . မပေးထိုက် . . . (ပေးထိုက်ပါတယ်ဘုရား)။

ပေးထိုက်တာ့ ဒကာ ဒကာမတွေကလဲ ယခုနောက်ဆုံးပိတ် ၃- နံပါတ်ကိုဖြင့် မမေ့လိုက်ပါနဲ့ . . . (မှန်ပါ့) ကိုယ်ရှုပွားထားတဲ့ဝေဒနာကလေးတွေ ရှုပွားထားတဲ့ပုဂ္ဂိုလ်ကလည်း ဝေဒနာခွာရုံပဲ . . . (မှန်ပါ့)။

ဝေဒနာခွာပြီးသကာလ အနိစ္စတွေ့အောင်ရှာ၊ အနိစ္စမုန်းအောင်ရှု၊ အနိစ္စဆုံးအောင်ရှုလို့ရှိရင်လဲ နိစ္စနိဗ္ဗာန် ကေန်တကယ်ရပါတယ်လို့ ဘုရားမဟောဘူးလား . . . (ဟောပါတယ်ဘုရား) ဒါဖြင့် ကိုယ့်ဟာကိုယ် ဆင်ခြင်သေရင်လဲ ပြီးတာပဲ . . . တဲ့ . . . (မှန်ပါ့)။

သေတတ်ကြပလား . . . (သေတတ်ပါပြီဘုရား) ဘယ်လောက်များ အရေးကြီးသလဲ . . . (ကြီးပါတယ်ဘုရား)။

ဒကာဒကာမတွေ အမိ, အဖ ဆွေမျိုးဉာတကာ မတော်ဖူးသူ မရှိသလောက်ဖြစ်ပြီး သကာလနေတော့ ဝဋ္ဋ၊ ပေါင်းသက်သေ သာကေအများကြီး ဟောနိုင်ငြားသော်လည်း

အမျိုးမျိုးအဖုံဖုံ ဝိပဿနာဉာဏ်တွေ ဟောနိုင်ပြောသော်လည်း မုန်းပုံကိုစပြောနေတယ်. . . (မှန်ပါ့ဘုရား) အရေးကြီးတာကိုစပြောနေတယ် . . . (မှန်ပါ့) သဘောပါ ကြပလား . . . (ပါ,ပါပြီဘုရား)။

ဒါဖြင့် ၁-နံပါတ်က ဘုရား၏တရားနာရလို့ အားထုတ် သေရင်လည်း သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ရာ၏ . . . (မှန်ပါ့)။

၂-နံပါတ်က ဘယ့်နှယ်ဆိုကြမယ် . . . ဘုရား၏ တပည့်သားတရားနာရလို့ . . . (အားထုတ်သေရင်လည်း သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်ပါတယ်ဘုရား)။

၃-နံပါတ် ဘယ်လိုဆိုကြမယ် . . . (ကိုယ့်ဟာကိုယ် ဆင်ခြင်၊ သေရင်လည်း သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်ပါတယ်)၊ အဲ. . . ကိုယ့်ဟာကိုယ် တရားအားထုတ်လို့ ဝေဒနာခွာပြီး ကျော်, အားထုတ်ခဲ့သော် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်နိုင်ရာ၏. . . (မှန်ပါ့ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားတရားနာရလို့လည်း ဒကာဒကာမတို့ နာရုံနဲ့ မပြီးဘူး၊ ကိုယ့်ဟာကိုယ်ခွာနိုင်မှ . . . (မှန်ပါ့)။

ဘုရား၏ တပည့်သားတရားကို နာရုံနဲ့မပြီး၊

ကိုယ့်ဟာကိုယ် ဝေဒနာခွာပြီး အနိစ္စမြင်၊ အနိစ္စမှုန်း၊ အနိစ္စဆုံးအောင် ရှုနိုင်ပါမှ . . . (မှန်ပါ့) ပေါ်မလား . . . (ပေါ်ပါပြီဘုရား)။

ကိုယ့်ဟာကိုယ် ဆင်ခြင်တဲ့ပုဂ္ဂိုလ်မှာလည်း ဝေဒနာကို ဝေဒနာလို့ ဆင်ခြင်နေလို့ မပြီးဘူး၊ ဝေဒနာကျော်ပြီး အနိစ္စတွေ့အောင်ပဲ ဆင်ခြင်နိုင်မှသာလျှင် ဒကာဒကာမတို့ အနိစ္စမြင်၊ အနိစ္စမှုန်း၊ အနိစ္စအဆုံးသို့ ရောက်ပါတော့တယ်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သာမည အရေးကြီးသလား ဒကာဒကာမတို့ အလွန့်အလွန် အရေးကြီးသလား . . . (အလွန့်အလွန် အရေးကြီးပါတယ်ဘုရား)။

ကိုယ့်အတွက် ကြုံကြရမယ့်ကိစ္စကော ဟုတ်ပါရဲ့လား . . . (ဟုတ်ပါတယ်ဘုရား) ဒီအထဲမှာ လွတ်မယ့်ပုဂ္ဂိုလ်များ ပါကြသေးသလား . . . (မပါ, ပါဘုရား)။

## သေတတ်ကြပြီလား

ကိုင်း . . . ဒကာဒကာမတို့ တဏှာနားနဲ့ ထောင်ရင်ဖြင့် သေတတ်ပလားမေးရင် လန့်သွားလိမ့်မယ် . . . (မှန်ပါ့) ဉာဏ်နားနဲ့ ထောင်လိုက်တဲ့အခါကျတော့ ဒကာ

ဒကာမတို့ သေတတ်ပလားလို့ မေးတော့ ဘယ့်နှယ်ဖြေကြ မလဲ . . . (သေတတ်ပါပြီဘုရား)။

အဲဒါဉာဏ်နားတွေမို့နော် . . . (မှန်ပါ့) တဏှာနားနဲ့ ဆိုရင် နိမိတ်မရှိ နမာမရှိ သေတတ်ပလားလို့ မေးလိုက်တာ ကျုပ်ဖြင့် စိတ်ကိုပျက်သွားတာပဲ ဆိုချင်လည်း ဆိုပစ်လိုက် မယ်. . (မှန်ပါ့ဘုရား)၊ သဘောကျပလား (ကျပါပြီဘုရား)။

ဉာဏ်နားနဲ့ထောင်တော့ ဒကာဒကာမတွေ သေ တတ်ပလား မေးတော့ ဘယ့်နှယ်ဖြေကြမလဲ . . . (သေ တတ်ပါပြီဘုရား) လွတ်မှာလား၊ မလွတ်ဘူးလား . . . (မလွတ်ပါဘုရား)။

ယူလာတာက သူဟာက ဝမ်းထဲက လွတ်ကတည်း က အိုဘေးနဲ့သေဘေးကို ဝမ်းထဲမှယူပြီး လာခဲ့ကြတယ် . . . (မှန်ပါ့) လွတ်ပါ့မလား . . . (မလွတ်ပါဘုရား)။

ဒါကြောင့် အစချီလာကတည်းက လွတ်စရာမရှိ အောင်ပဲ ဒကာဒကာမတွေ နားလည်မှုရှိအောင် ပြောလာတဲ့ အတွက် သေနည်းသုံးမျိုးကို သင်လိုက်ခြင်းဖြစ်ပါတယ် (မှန်ပါ့ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား) သေ တတ်ပလား . . . (သေတတ်ပါပြီ ဘုရား)။

ဒါဖြင့် ဘုရားကလည်း မရှိတော့ကို ဘုရားကိုယ်တိုင် ဟောဖို့ အားမကိုးနဲ့တော့ . . . (မှန်ပါ့) ဘုရား၏ တပည့်

သားရှိငြားသော်လည်း ကြုံချင်မှကြုံ၊ ဆုံချင်မှဆုံမှာ ဖြစ်လေသောကြောင့် ဒါလောက်အားမကိုးနဲ့ . . . (မှန်ပါ့)။

## ကိုယ်တိုင်ဆင်ခြင်ပြီး သေနည်းသာအားကိုးကြ

ကိုယ့်ဟာကိုယ် ဆင်ခြင်ပြီး သေနည်းသာ အားကိုးကြတော့လို့ ၃-နံပါတ်ကို လက်ကိုင်ထားလိုက်ပါတော့ . . . (မှန်ပါ့)

ဘာလက်ကိုင်ထားရမတုံး . . . (၃-နံပါတ်ကို လက်ကိုင်ထားရပါမယ်) ၃-နံပါတ်သေနည်းက ဘာတဲ့ . . . (ကိုယ့်ဟာကိုယ် ဆင်ခြင်ပြီး သေရမှာပါဘုရား)။

ကိုယ့်ဟာကိုယ် အနိစ္စမြင်၊ ကိုယ့်ဟာကိုယ် အနိစ္စမုန်း၊ ကိုယ်ဟာကိုယ် အနိစ္စဆုံးပြီးသကာလ သေလိုက်စမ်းပါလို့ ပြောလိုက်တယ် . . . (မှန်ပါ့)။

အဲဒီလို သေလိုက်လို့ရှိရင် သေတာနဲ့ ရဟန္တာဖြစ်တာနဲ့ တစ်ပြိုင်တည်းလို ဖြစ်နိုင်တယ် . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ အလွန်အရေးကြီးတဲ့ စကားကို ဆရာဘုန်းကြီး သုံးခွန်းမှာတဲ့အနက်က တစ်ခွန်းကိုဖြင့် အမိယူလိုက်ပါလို့ ပြောလိုက်ပါတယ် . . . (မှန်ပါ့)။

တစ်ခွန်း အမိယူလိုက်ပါဆိုတာ ဘာပါလိမ့် . . . (ကိုယ့်ဟာကိုယ် ဆင်ခြင်ပြီး သေတာပါဘုရား) ကိုယ့်ဟာကိုယ် ဝေဒနာကျော်ပြီး အနိစ္စတွေ ဆင်ခြင်ပြီး သေလိုက်စမ်းပါလို့ ပြောလိုက်ပါတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## မီးလောင်မှ ရှေ့ရှာရင် အိမ်ပြောင်လိမ့်မယ်

ကိုင်း. . . ဒါဖြင့် တစ်ခွန်းကို ယူလိုက်ပြန်လို့ ရှိရင်လည်း မီးလောင်မှ ရေရှာတာတဲ့၊ အိမ်ပြောင်လိမ့်မယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

မီးလောင်မှ ရေရှာနေသော် . . . (အိမ်ပြောင်လိမ့်မယ်) ရေရှာရင်း အိမ်ပြောင်လိမ့်မယ် . . . (မှန်ပါ့) မီးမလောင်ခင်က ရေရှာခဲ့သော် အိမ်ကျန်ရစ်ပါလိမ့်မယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## မီးမလောင်ခင်က ရေရှာနည်း

ဒါဖြင့် မီးမလောင်ခင်က ရေရှာကြစို့ဆိုတော့ ဒကာဒကာမတို့ . . . (မှန်ပါ့) အခု နောက်ဟောမယ့် တရားက သေခါနီး အထူးရှာမနေရအောင် ဝေဒနာတောင် ခွာမနေရအောင် အခုက အနိစ္စရှာထားပါတော့မယ်ဆို မီးမလောင်ခင်က ရေရှာတာပေါ့ဗျာ . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ ဥပဝါဏ ရဟန်း ကလေး သန္ဒိဋ္ဌိကောလို့ ဟောတာကို သန္ဒိဋ္ဌိက ဂုဏ်နဲ့ပဲ ခင်ဗျားတို့ ယနေ့ မီးမလောင်ခင်က ရေရှာနည်းကို ပြောပါ တော့မယ် . . . (မှန်ပါ့)။

ဥပဝါဏဆိုတဲ့ရဟန်းက ဘုရားသခင် ကိုယ်တော် မြတ်ကြီးကို မေးတယ်၊ အရှင်ဘုရား သန္ဒိဋ္ဌိကော သန္ဒိဋ္ဌိကော လို့ ပြောကြပါတယ်ဘုရား။

## သန္ဒိဋ္ဌိကဆိုတာ အမိန့်ရှိပါဘုရား

အဲဒီ သန္ဒိဋ္ဌိက ဆိုတာကို တပည့်တော်အား အမိန့် ရှိပါဘုရားလို့ ဥပဝါဏရဟန်းက လျှောက်လို့ မီးမလောင်ခင် ရေရှာသလို သန္ဒိဋ္ဌိကောနဲ့ရှာကြ . . . (မှန်ပါ့)။

"သန္ဒိဋ္ဌိကောတိ သာမံ ပဿိတဗ္ဗော" ဆိုတော့ ဒကာ ဒကာမတို့ ကိုယ်တိုင်မြင်အောင် ကြည့်နိုင်ဖို့ အရေးကြီးတယ် . . . (မှန်ပါ့)။

ဘာအရေးကြီးပါလိမ့် . . . (ကိုယ်တိုင်မြင်အောင် ကြည့်နိုင်ဖို့ အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ကိုယ်တိုင်မြင်အောင် ကြည့်ဆိုလို့ရှိရင်ဖြင့် ကိုယ်ကိုယ်တိုင်မှာ ရှိလို့ရှိရင် ကိုယ်ကိုယ် တိုင်မှာ မြင်ရမှာပဲ . . . (မှန်ပါ့)။

ကိုယ့်ကိုယ်ထဲရှိရင်ဖြင့် (ကိုယ်ကိုယ်တိုင် မြင်ရမှာပါ ဘုရား) ကိုယ်တိုင်မြင်ရမှာပေါ့ဗျာ . . . . (မှန်ပါ့)။

ကိုယ်ကိုယ်တိုင် မြင်ရမှာပဲဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ်၊ ဆုံးမတော်မူတယ် ဒကာဒကာမတို့ ဒါကလေးကို လေးလေးနက်နက် မှတ်လိုက်စမ်းပါဦး . . . (မှန်ပါ့)။

ဝိပဿနာအလုပ် ခုနင်က တရားဆက်မိအောင်လို့ သန္ဒိဋ္ဌိက ဂုဏ်ကို ထုတ်လာပါတယ် . . . (မှန်ပါ့) သံယုတ် ပါဠိတော်လို့ မှတ်လိုက်ပါတော့. . . (မှန်ပါ့)။

## ကိုယ်တိုင်မြင်အောင်ကြည့်ပါ

သံယုတ် ပါဠိတော်မှာ ဥပဝါဏရဟန်းက ဘုရားကို လျှောက်တဲ့အတွက် သန္ဒိဋ္ဌိကောဆိုတာ ကိုယ်တိုင်မြင်အောင် ကြည့်ပါလို့ပြောတာ . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ ကိုယ်တိုင်မြင်အောင် ကြည်တဲ့အခါကျလို့ရှိရင်ဖြင့် ခုနင်တုန်းက ထိုင်စက ဒကာဒကာမတွေ မသောင်းမညာပါဘူး၊ အခု တစ်နာရီပြည့်သွားပြီ၊ တစ်နာရီပြည့်သွားတော့ ဒကာဒကာမတို့ အောက်ပိုင်းက ဝေဒနာ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ်ကလေးတွေ မပေါ်လားဗျာ . . . (ပေါ်ပါတယ်ဘုရား)

ဒုက္ခဝေဒနာ မပေါ်လားဗျာ . . . (ပေါ်ပါတယ်ဘုရား)။

ဒကာဒကာမတို့ ဒုက္ခဝေဒနာ ပေါ်လာတာကို ခင်ဗျားတို့သည်ကား . . လို့ဆိုရင်ဖြင့် ကိုယ်တိုင်ကြည့်လိုက်ပါ. . (မှန်ပါ့ဘုရား)။

ဩော်. . . ဒါ ဒုက္ခဝေဒနာလို့ မသိဘူးလား . . . (သိပါတယ်ဘုရား) ရှုရင်း မတ္တနဲ့ ကြည့်တဲ့စိတ်ကလေးလဲ ပေါ်ပါရော ဒုက္ခဝေဒနာက ချုပ်တယ် . . . (ချုပ်ပါတယ်ဘုရား)။

ကြည့်တဲ့ စိတ်ကလေးပေါ်တော့ . . . (ဒုက္ခဝေဒနာ ချုပ်ပါတယ်ဘုရား) မကြည့်ဘဲ နေတုန်းကတော့ ဒီနေရာ နာတယ်ပေါ့ဗျာ . . . (မှန်ပါ့) နာတဲ့နေရာ ကိုယ်တိုင်ကြည့်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဒကာဒကာမတို့ နာတာကလေး ရှိသေးသလား၊ မရှိတော့ဘူးလား . . . (မရှိတော့ပါဘုရား)။

ဒီ မရှိတာကလေးသည်ကား . . . . လို့ ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ မရှိတာကို သိတာက နောက်ကလိုက်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း မရှိတာက အနိစ္စဖြစ်သွားတယ် . . . (မှန်ပါ့) သိတာက . . . (မဂ္ဂပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ မဂ္ဂတည်းဟူသော ကိုယ်တိုင်ဉာဏ်နဲ့ မရှိတာကို ကိုယ်တိုင်မမြင်ရဘူးလား . . . (မြင်ရပါတယ်ဘုရား)။

ဘာမြင်ရပါလိမ့် . . . (မရှိတာကို ကိုယ်တိုင်မြင်ရပါတယ်ဘုရား) ဒါဖြင့် သူများပြောလား၊ ကိုယ်တိုင်မြင်လား . . . (ကိုယ်တိုင်မြင်ပါဘုရား)။

ကိုယ့်သန္တာန်ဖြစ်တဲ့ ဝေဒနာကလေး၏ နိရောဓဆိုတဲ့ ချုပ်မှုကလေးကို ဒကာဒကာမတို့ သူများပြောလား၊ ကိုယ်တိုင်မြင်လား . . . (ကိုယ်တိုင်မြင်ပါဘုရား)။

ဒါဖြင့် သန္ဒိဋ္ဌိကော သာမံ ပဿိတဗ္ဗော ကိုယ်တိုင်မြင်အောင်ရှုရမယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘယ်လိုရှုရမှာပါလိမ့် . . . (ကိုယ်တိုင်မြင်အောင်ရှုရမှာပါဘုရား)။

## ကိုယ်တိုင်မြင်အောင်ရှုဆိုတာဘယ်လိုလဲ

ကိုယ်တိုင်မြင်အောင် ရှုရမယ်ဆိုတဲ့ဥစ္စာသည် ဒကာဒကာမတို့ မှတ်လိုက်စမ်းပါ၊ ဝေဒနာကလေး ပေါ်လာတယ်၊ ဒီနေရာဉာဏ်နဲ့ စိုက်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဉာဏ်ရောက်လာတယ်ဆိုရင် ဝေဒနာက ချုပ်ပြီးသား ဖြစ်နေနှင့်ပြီ . . . (မှန်ပါ့) မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

ဖြစ်တော့ ဒါကလေးဟာ မရှိဘူးဆိုတာကလေးကို ဉာဏ်က မသိဘူးလား . . . (သိပါတယ်ဘုရား) သိတဲ့ဉာဏ်သည် သန္ဒိဋ္ဌိကော . . . (မှန်ပါ့)။

သိတဲ့ဉာဏ်ကို ဘာဆိုကြမယ် . . . (သန္တိဋ္ဌကောပါ ဘုရား) ဒါ သူများပြောလား၊ ကိုယ်တိုင်မြင်တာလား . . . (ကိုယ်တိုင်မြင်တာပါဘုရား)။

ဘာကလေးကို မြင်တာတုံး . . . လို့ဆိုတော့ ခုနင်က ရှိနေတာကလေး မရှိဘူးလို့ ကိုယ်တိုင်မြင်လိုက်တယ် . . . (မှန်ပါ့)။

ဘယ်လိုမြင်ပါလိမ့် . . . (ခုနင်က ရှိနေတာကလေး မရှိဘူးလို့ ကိုယ်တိုင်မြင်လိုက်ပါတယ်ဘုရား)။

ခုနင်က ဖြစ်နေတာကြီးဟာ အခုမရှိတော့ပါလားလို့ မသိဘူးလား . . . (သိပါတယ်ဘုရား)။

ဒါဖြင့် မရှိတာသည်ကား . . လို့ ဆိုလို့ရှိရင် ကိုယ်တိုင်မြင်စရာ တရား . . . (မှန်ပါ့) သိတာသည်ကား . . . လို့ ဆိုရင် ကိုယ်တိုင်မြင်တဲ့တရား (မှန်ပါ့) သဘောပါ ပလား (ပါ,ပါပြီဘုရား)။

မရှိတာက ဘာတဲ့ . . . (ကိုယ်တိုင်မြင်စရာ တရား ပါ) သိတာက (ကိုယ်တိုင်မြင်တဲ့ တရားပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကိုယ်တိုင်မြင်လိုက်တော့ သန္တိဋ္ဌိကော သာမံ ပဿိ တဗ္ဗောကိုယ်တိုင်မရှိတာ သိလိုက်ပါတယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် သန္တိဋ္ဌိကောဆိုတာ မရှိတာကို ကိုယ်တိုင်သိအောင်လုပ် . . . (မှန်ပါ့)။

## ရှိရာက မရှိတာကို ကိုယ်တိုင်မြင်အောင်လုပ်ပါ

သန္တိဋ္ဌိကောဆိုတာ ဘာပါလိမ့် (ကိုယ်တိုင်သိအောင်လုပ်ရပါမယ်) ရှိရာက မရှိတာကို ကိုယ်တိုင်မြင်အောင်လုပ်ပါတဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

သတိထား၊ သတိထား၊ အင်မတန် မှန်တဲ့တရား . . . (မှန်ပါ့) သန္တိဋ္ဌိကောဆိုတာ ဘာပါလိမ့် . . . (ကိုယ်တိုင်မြင်အောင် လုပ်ရပါမယ် ဘုရား)။

အဲ. . . ရှိရာက ပျက်သွားတဲ့တရားကလေးကို ဩော် . . . ပျက်သွားပေါ့လို့ ကိုယ်တိုင်မသိရဘူးလား (သိရပါတယ်ဘုရား) အဲဒါ ဘာခေါ်ကြမယ် . . . (သန္တိဋ္ဌိကောပါဘုရား) သဘောပါပလား . . . (ပါ၊ ပါပြီဘုရား)။

သန္တိဋ္ဌိကောဆိုတာ ဒကာဒကာမတွေ နေရာကလေးဘာကလေးပြင်ကြတဲ့ အခါကျလို့ရှိရင် ဘယ့်နှယ်ကြောင့်ပြင်ပါလိမ့်မတုံး မေးတဲ့အခါကျတော့ ဒီနေရာမှာ တပည့်တော်က ပူလွန်းလို့၊ အိုက်လွန်းလို့၊ နာလွန်းလို့၊ ကိုက်လွန်းလို့၊ ခဲလွန်းလို့ ပြောင်းလိုက်ရပါတယ်ဘုရား . . . လို့ မဆို

နိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) ပြောင်းလိုက်တော့ ရှိသေးရဲ့လား . . . (မရှိပါဘုရား) ရှိရာက မရှိတဲ့ တရားကလေးမရှိဘူးလို့ သိတာသည် (သန္တိဋ္ဌိကောပါဘုရား)။

## ရှိရာက မရှိတာသိရင် သန္ဒိဋ္ဌိကော

ရှိရာက မရှိတဲ့တရားကလေးသိရင် ဘာခေါ်ကြမယ် (သန္ဒိဋ္ဌိကောပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ခန္ဓာကိုယ်ထဲမှာ ရှိပြီးပျက်သွားတဲ့တရားချည်းပဲ တစ်ကိုယ်လုံးရှိတယ် . . . (မှန်ပါ) အဲဒီတော့ ဘယ်စိတ်ပေါ်ပေါ် ရှိရာက မရှိတာသိရင် ပြီးတာပဲ . . . (မှန်ပါ့ဘုရား)။

ဘယ်ဝေဒနာပေါ်ပေါ်၊ ဘယ်ရုပ်ပေါ်ပေါ်၊ ရှိရာက မရှိတာသိရင် ဘာခေါ်ကြမယ် . . . (သန္ဒိဋ္ဌိကောပါဘုရား) သြော် . . . သန္ဒိဋ္ဌိကော ကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် အခုအခါက သန္ဒိဋ္ဌိကောဖြစ်အောင် လုပ်သွားတော့ သေခါနီးကျတော့လဲ ဒီသန္ဒိဋ္ဌိက ကံ ပျောက်ဦးမှာလား . . (မပျောက်ပါဘုရား)။

အဲဒါကြောင့် မီးမလောင်ခင်က ရေရှာထားပါဆိုတဲ့ တရားကို ဒကာကြွယ်တို့ ဒကာအေးတို့ ဒကာသိုက်တို့

ဟောရတယ် . . . (မှန်ပါ့) ဦးလှဘူး မဟောရပေဘူးလား . . . (ဟောရပါတယ်) ရှာတတ်ကြပလား . . . (ရှာတတ်ပါပြီဘုရား)။

သန္တိဋ္ဌိကောဖြစ်အောင် ဘယ်လိုလုပ်ကြပါမယ် . . . (ရှိရာက မရှိတာကိုသိအောင် လုပ်ရပါမယ်ဘုရား)။

စားချင်တဲ့ စိတ်ကလေးပေါ်လာတယ် ဒကာဒကာမတို့ . . . စားချင်စိတ်ကလေး ရှိမနေဘူးလား . . . (ရှိနေပါတယ်ဘုရား) တော်တော်ကြာကျတော့ စားချင်တဲ့ စိတ်ကလေးသည်ကား . . . လို့ . . . ဆိုရင်ဖြင့် ဟိုမှာ ကိစ္စရှိလို့ စကားပြောလိုက်တော့ ရှိသေးရဲ့လား . . (မရှိပါဘုရား)။

အဲဒါ . . . သူ့ကို ဘာခေါ်ကြမယ် . . . (အနိစ္စပါဘုရား) ပျက်သွားပေါ့ . . . လို့ မသိဘူးလား . . . (သိပါတယ်ဘုရား)။

အဲ. . . ပျက်သွားပေါ့, ပျက်သွားပေါ့လို့ သိတာသည် သန္တိဋ္ဌိကော (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

သန္တိဋ္ဌိကောကို ကောင်းကောင်းကျေနပ်ပလား (ကျေနပ်ပါပြီ) အင်မတန်ကို ဒကာ ဒကာမတွေ စဉ်းစားမှ ဩော်. . . ဒီဥစ္စာခက်တာလည်း မဟုတ်ဘဲနဲ့ တို့သည်ကား . . . လို့ ဆိုရင်ဖြင့် ကိုယ်တိုင်မမြင်လိုက်ရတာသည် ဆရာ

ကောင်းသမားကောင်း နည်းနာမရလို့ဘဲ. . . လို့ဆိုတာ မှတ်လိုက်ပါတော့. . . (မှန်ပါ့)။

အခုတော့ ဘယ်တရားကလေး ပေါ်ပေါ် ဒကာဒကာမတို့ တွေးလိုက်ရင် ရှိ မရှိ. . . (မရှိပါဘုရား) မရှိတာကို မသိရဘူးလား. . . (သိရပါတယ်ဘုရား) သိတာကို ဘာခေါ်ကြမယ်. . . (သန္တိဋ္ဌိကောပါဘုရား)။

အေး. . . ဒကာသိုက် မိပြီ ဒီလိုဆိုလို့ရှိရင် . . . (မှန်ပါ့) မမိသေးဘူးလား. . . (မိပါပြီဘုရား)။

## ဘယ်တရားပေါ်ပေါ် ရှိမရှိတွေး

ဘယ်တရားပေါ်ပေါ် ရှိမရှိ တွေးလိုက်စမ်း. . . (မရှိပါဘုရား) မရှိတာ မသိဘူးလား. . . (သိပါတယ်) မရှိတာ အနိစ္စ၊ သိတာက မဂ္ဂ. . . (မှန်ပါ့) အဲဒီမဂ္ဂဟာ သန္ဒိဋ္ဌိကော (မှန်ပါ့)။

ဒီမဂ္ဂဟာ ဘာခေါ်ကြမယ် (သန္ဒိဋ္ဌိကောပါဘုရား) အဲဒါ ဘုရားဘယ်နေရာများ တရားရှာရတာ ခက်လိုက်တာလို့များ ခက်လိုက်တာ. . . လို့ ညည်းလုံးထုတ်လို့ ရှိရင်ဖြင့် ကြောင်တောင်ကန်းလို့ပြောရမယ်. . . (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်တယ် ဒကာ ဒကာမတို့ ဘယ်တရားပေါ်လာ လာ ရှိ-မရှိတွေးရုံပဲ. . . (မှန်ပါ့) တွေးတဲ့စိတ်လာရင် မူလ ဖြစ်တဲ့စိတ် ရှိသေးရဲ့လား. . . (မရှိပါဘုရား)ဒါဖြင့် ၁-မှာ ဖြစ်ပျက်၊ ၂-မှာ မင်. . . (မှန်ပါ့)။

၁-မှာ. . . (ဖြစ်ပျက်ပါဘုရား) ၂-မှာ. . . (မင်ပါ ဘုရား) အဲဒါ ဘာခေါ်ကြမလဲ. . . (သန္တိဋ္ဌိကောပါဘုရား) အဲ. . . ရှေ့ကဖြစ်ပျက် နောက်က မင်ဟာ သန္တိဋ္ဌိကောပါ . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ၏ သန္တာန်မှာ စိတ်မကူး ဘဲနေတဲ့အချိန် ပါသေးသလား. . . (မပါပါဘုရား) အဲဒီ ကူးတဲ့စိတ်ကလေးရှိ. . . မရှိ တွေးစမ်း. . . (မရှိပါဘုရား) မရှိတာက ဘာခေါ်ကြမယ်. . . (အနိစ္စပါဘုရား) သိတာက (မဂ္ဂပါဘုရား) အဲဒီမဂ္ဂကို ဘာဆိုကြမယ်. . . (သန္တိဋ္ဌိကော ပါ ဘုရား)။

အဲ. . . သန္တိဋ္ဌိကော. . . တဲ့၊ အဲဒီမင်နဲ့ တပည့်တော် ကိုယ်တိုင်ဖြစ်ပါတယ်ဘုရား. . . လို့ ဆိုရာရောက်ပါတယ်. . (မှန်ပါ့)။

ဒကာကြွယ် သိပ်မိပလား (မှန်ပါ့) အင်မတန်မိပါ တယ်။

ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပာဒ်ကလေးများ ပြတ်ကဲ့

လားလို့ မေးတဲ့အခါကျတော့ သတိထားလိုက်စမ်း၊ သတိထား လိုက်စမ်း၊ ရေသောက်ချင်တဲ့စိတ်ကလေးပေါ်လာတယ်၊ ရှိ. . . မရှိ တွေးလိုက်စမ်းဗျာ. . . (မရှိပါဘုရား)။

## မရှိတာကအနိစ္စ သိတာကမဂ္ဂ

ဒါဖြင့် မရှိတာက. . . (အနိစ္စပါဘုရား) သိတာက (မဂ္ဂပါဘုရား) အဲဒီ မဂ္ဂဘာခေါ်ကြမလဲ. . . (သန္တိဋ္ဌိကောပါ ဘုရား) ဟုတ်ကဲ့လား. . . (ဟုတ်ပါတယ်ဘုရား)။

ကိုယ်တိုင်မြင်တာ ဟုတ်ပါရဲ့လား (ဟုတ်ပါတယ် ဘုရား) ခုနင်က ရေသောက်ချင်တဲ့စိတ်ကလေး ရှိသေးရဲ့ လား . . . (မရှိပါဘုရား) မရှိတာ မသိဘူးလား. . . (သိပါ တယ်ဘုရား)။

ဒါဖြင့် မရှိတာသိတာလည်း ကိုယ်ကိုယ်တိုင်သိပါ တယ် မရှိကြောင်းကို (မှန်ပ့ါ) သဘောကျပလား. . . (ကျပါ ပြီဘုရား)။

သူများပြောလား၊ ကိုယ်တိုင် မရှိကြောင်းကိုသိလား . . . (ကိုယ်တိုင်မရှိကြောင်းကို သိတာပါဘုရား)။

အဲ. . . ကိုယ်တိုင် မရှိကြောင်းကိုသိတော့ ဘာတဲ့ (သန္ဒိဋ္ဌိကောပါဘုရား) သန္ဒိဋ္ဌိကော ကိုယ်တိုင်မြင်ပါတယ် ကွ. . . တဲ့ မရှိတာကို. . . (မှန်ပ့ါ)။

ဟာ. . . ဒကာကြွယ် သေပျော်တဲ့တရားပါလား (မှန်ပါ့) ရရဲ့သားနဲ့ ကျုပ်တို့ ဝိပဿနာ မလုပ်တတ်လို့ ခက်နေတာ (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ခက်နေတာပါလိမ့်. . . (ရရဲ့သားနဲ့ ဝိပဿနာ မလုပ်တတ်လို့ပါဘုရား) ရတော့ရပါရဲ့၊ ဝိပဿနာ အသုံးမချတတ်လို့ ခက်နေတယ်. . . (မှန်ပါ့)။

ဒကာဒကာမတွေ သန္တိဋ္ဌိကောဆိုတာလေ. . . ကိုယ့်သန္တာန်ဖြစ်တဲ့စိတ်ရှိ. . . မရှိ သန္တိဋ္ဌိကော ဖြစ်ပါတယ် (မှန်ပါ့)။

သေသေချာချာ မှတ်စမ်းပါ ဒကာဒကာမတို့၊ ကိုယ့်သန္တာန်ဖြစ်တဲ့စိတ်ကလေးဟာလည်း ဖြစ်ပြီးပျက်၊ ပျက်ပြီးဖြစ်၊ ဖြစ်ပြီးပျက်၊ ပျက်တိုင်း ပျက်တိုင်း နောက်က အသိလိုက်နေမယ်ဆိုရင် ဘာဖြစ်ကြပါလိမ့်. . . (သန္တိဋ္ဌိကောပါဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အင်မတန် အရေးကြီးနေပါလား. . . (ကြီးပါတယ်ဘုရား) အင်မတန်အရေးကြီးလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောတာပေါ့ (မှန်ပါ့) ဥပဝါဏ ရဟန်းက လျှောက်လို့နော်. . . (မှန်ပါ့)။

## သန္နိဋ္ဌိကော မလုပ်ရင်ဘာဖြစ်မလဲ

အကယ်၍ ဒကာဒကာမတွေ ရေသောက်ချင်တဲ့ စိတ်ကလေး ရှိ. . . မရှိ မတွေးတော့ပါဘူး၊ ဆရာဘုန်းကြီး တရားလည်း နားမထောင်၊ သန္နိဋ္ဌိကောဆိုတဲ့ဥစ္စာလည်း အလုပ်မလုပ်ဆိုတော့ ရေသောက်ချင်တယ်ဆိုတာက တဏှာ. . . (မှန်ပါ့)။

မသောက်ရ မနေနိုင်ဘူးလို့ ထွက်မသွားဘူးလား (သွားပါတယ်ဘုရား) အဲဒါက ဘာပါလိမ့် (ဥပါဒါန်ပါဘုရား)။

ငါဟာငါ သွားသောက်မယ်လို့ ပါးစပ်ကလည်းပြော၊ ခြေထောက်ကလည်း လှမ်းဆိုတော့ ကာယကံ၊ ဝစီကံဆိုတဲ့ ကမ္မဘဝဖြစ်တယ်. . . (မှန်ပါ့)။

ဒါဖြင့် သောက်ချင်တာက တဏှာ၊ မသောက်ရရင် မနေနိုင်တာက . . . (ဥပါဒါန်ပါ) ကာယကံ, ဝစီကံနဲ့ သွားတာက. . . (ကမ္မဘဝပါဘုရား) ကမ္မဘဝ ပစ္စယာ. . . (ဇာတိပါဘုရား) ဘယ်လောက်ကြောက်စရာ ကောင်းတယ် ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ပဋိစ္စသမုပ္ပါဒ်လည်မယ်

အဲဒီတော့ ဒကာဒကာမတွေ သန္နိဋ္ဌိကော မလုပ်ရင် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကြီး လည်ပါရောတဲ့. . . (မှန်ပါ့ဘုရား)။

ရေသောက်ချင်တဲ့ စိတ်ကလေးဟာ ဒကာဒကာမ တွေက ရှိ. . . မရှိ မတွေးတော့ဘူး၊ သန္နိဋ္ဌာနကောဖြစ်အောင် မလုပ်တော့ဘူးဆိုပါတော့ဗျာ၊ မလုပ်တော့ ရေသောက်ချင် တာက ဘာပါလိမ့်. . . (တဏှာပါ) မသောက်ရ မနေနိုင် အောင် ဖြစ်လာတာက. . . (ဥပါဒါန်ပါဘုရား)။

ကာယကံနဲ့ သွားပြီး ဝစီကံနဲ့ ပြောသွားတာက. . . (ကံမှုဘဝ) သဘောကျပလား. . . (ကျပါပြီ) ကမ္မဘဝ ပစ္စယာ. . . (ဇာတိ) ဇာတိပစ္စယာ. . . (ဇရာ မရဏပါ ဘုရား)။

ဇရာ, မရဏဆိုတော့ မသွားသေးဘူးလား(သွားပါပြီ) အင်မတန် ကြောက်စရာ မကောင်းဘူးလား. . . (ကောင်း ပါတယ်ဘုရား)။

ဒါဟာ ဘယ့်နှယ်ကြောင့် ဒီလို ပဋိစ္စသမုပ္ပါဒ်ကြီး သံသရာကူးသွား ပါလိမ့်မတုံး၊ ဇာတိဆိုတော့ ရောက်မသွား သေးဘူးလား. . . (သွားပါပြီ) ဇရာ, မရဏဆိုတော့ ဟိုဘက် သေပွဲမဝင်သေးဘူးလား. . . (ဝင်ပါပြီဘုရား)။

အနာဂတ်သေပွဲဝင်ရတယ် သဘောကျပလား. . . (ကျပါပြီ) အဲဒါ ဘယ့်နှယ်ကြောင့် သံသရာ ဆက်ပါလိမ့် မလည်းလို့ မေးခွန်းထုတ်လို့ရှိရင် သန္နိဋ္ဌာနကော မလုပ်မိလို့ ပါဘုရား. . . (မှန်ပါ့) သံသရာဆက်တာ ဘယ့်နှယ်ကြောင့်

ပါလိမ့် (သန္တိဋ္ဌိကော မလုပ်မိလို့ပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ)။

ဪ. . . ဒကာဒကာမတွေ ပါဠိတွေရရဲ့သားနဲ့ အသုံးမချတတ်တာနဲ့ သံသရာခရီးသည်ဖြစ်ရတာ နာလိုက်တာဗျာ (မှန်ပါ့) မနာဘူးလား . . . (နာပါတယ်ဘုရား)။

ဒကာကြွယ်ရေ လဲသေလိုက်ဖို့ကောင်းတယ်၊ ပါဠိလဲ အရသားနဲ့ သံသရာချောက်ကျပြီး သေပွဲတွေ နွှဲရတာ ဘယ်လောက် ဆိုးဝါးသတုံး . . (ဆိုးဝါးပါတယ်) ဒါ ဘာ မလုပ်တတ်လို့ပါလိမ့် (သန္တိဋ္ဌိကော မလုပ်တတ်လို့ပါဘုရား)။

## မဂ္ဂသည် သန္ဒိဋ္ဌိကော

ဒါဖြင့် သန္တိဋ္ဌိကော လုပ်တတ်လို့ရှိရင် ဒကာဒကာမ တို့ ပဋိစ္စသမုပ္ပါဒ် ဘယ့်နှယ်နေသတုံး (ပြတ်ပါတယ်) စဉ်းစားကြည့် ရေသောက်ချင်တဲ့ စိတ်ကလေး ရှိမရှိ တွေးစမ်း . . . (မရှိပါ) မရှိတာက. . . (အနိစ္စပါ) သိတာက (မဂ္ဂပါ) ဟော . . . မဂ္ဂကို ဘာခေါ်ကြမယ် . . . (သန္တိဋ္ဌိကောပါဘုရား)။

သန္တိဋ္ဌိကောခေါ်တယ်၊ မဂ္ဂနဲ့ ကိုယ်တိုင် မမြင်လိုက်ဘူးလား (မြင်လိုက်ပါတယ်) မြင်လိုက်တော့ ဒကာဒကာမ တို့ တဏှာ မဟုတ်တော့ပါဘူး၊ အနိစ္စဖြစ်သွားတယ် . . . (မှန်ပါ့)။

အနိစ္စဖြစ်သွားတော့ ဥပါဒါန်ကို ကျေးဇူးပြုသေးရဲ့လား (မပြုပါ) ဥပါဒါန်ကို ကျေးဇူးမပြုတော့ ကမ္မဘဝဆိုတဲ့ ကာယကံ, ဝစီကံ, လာသေးရဲ့လား . . . (မလာပါဘုရား)။

ကာယကံ, ဝစီကံမှ မလာလို့ရှိရင် ကမ္မဘဝပစ္စယာ ဇာတိကော . . . (မလာပါဘုရား) ဇာတိမှမလာဘဲနဲ့ အို, သေတန်းပြီး နောက်တစ်ခါ နေရဦးမှာလား . . . (မနေရပါဘုရား)။

အံမာလေး . . . အဖိုးတန်လိုက်တဲ့ဖြစ်ခြင်း သန္တိဋ္ဌိက (မှန်ပါ့) အဖိုးတန်လိုက်တဲ့ သန္တိဋ္ဌိက ဒကာဒကာမတွေ ပြောစရာ မရှိတော့ဘူး . . . (မှန်ပါ့ဘုရား)။

## လမ်းသွားတဲ့အခါ လုပ်ကြည့်ပါ

သေသေချာချာ နာကြစမ်းပါ၊ ဒကာဒကာမတို့ ဒါ . . . အိမ်ကျတော့ လုပ်ကြည့်၊ လမ်းသွားကြည့်တော့လဲ လုပ်ကြည့်တာပေါ့ . . . (မှန်ပါ့ဘုရား)။

နင်းလိုက်တဲ့အခါ ဝေဒနာကလေးပေါ်တယ်၊ ဒီဝေဒနာ ကလေးရှိ . . . မရှိ တွေးလိုက်တဲ့အခါ ခြေကြွတော့ ရှိသေးရဲ့လား (မရှိပါဘုရား) မရှိရင် သန္တိဋ္ဌိက ဖြစ်တာ

ပဲ၊ အနိစ္စနဲ့ မဂ္ဂဖြစ်သွားတာပဲ . . . (မှန်ပါ့) မဖြစ်ဘူးလား ဗျာ . . . (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ သန္နိဋ္ဌာနကော ဘယ်လောက် အရေးကြီးသတုံး . . . (ကြီးပါတယ်ဘုရား) ဒကာသိုက်တို့၊ ဒကာအေးတို့ သန္နိဋ္ဌာနကော ဘယ်လောက် အရေးကြီးသတုံး . . . (ကြီးပါတယ်ဘုရား)။

## ဘာကြောင့် သံသရာရှည်ခဲ့ပါလိမ့်

ဒါဖြင့် ခင်ဗျားတို့ သံသရာရှည်ခဲ့တာ ပေါ်ပလား . . . (ပေါ်ပါပြီ) ဘာကြောင့် ရှည်ခဲ့ပါလိမ့် . . . (သန္နိဋ္ဌာနကော မလုပ်ခဲ့လို့ပါ) သန္နိဋ္ဌာနကော သပိတ်မှောက်ခဲ့လို့ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာ သပိတ်မှောက်ခဲ့လို့ပါလိမ့် . . . (သန္နိဋ္ဌာနကော သပိတ်မှောက်ခဲ့လို့ပါ) သန္နိဋ္ဌာနကောဆိုတာ သံယုတ်ပါဠိတော်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကိုယ့်သန္တာန် ဖြစ်တဲ့ လောဘ, ဒေါသ, မောဟနဲ့ ကုသိုလ်တွေ ရှိမရှိ တွေးတာ သန္နိဋ္ဌာနကတဲ့ . . . (မှန်ပါ့ဘုရား)။

ဟိုဟာက အထွတ်ဆုံး မဂ္ဂပစ္စည်ကို ပြောတာ၊ ဒါက ပုဂ္ဂိုလ်တွေ ဝိပဿနာရှုတဲ့ သန္နိဋ္ဌာနကလို့ မှတ်လိုက် (မှန်ပါ့) ဘယ်လောက် အဖိုးတန်သတုံး . . . (တန်ပါတယ်ဘုရား)။

## ဒိတရားနာရလို့ သေပျော်ပါပြီ

သေပျော်ပါပြီ၊ ဒီတရားနာရတာ ဒကာဒကာမတွေ သေပျော်ပလား . . . (သေပျော်ပါပြီဘုရား) မလုပ်တတ် စရာကော . . . (မရှိပါဘုရား)။

ကိုယ့်သန္တာန် စိတ်ကလေးပေါ်လဲ ဘယ်စိတ် ပေါ်ပေါ် ဘယ်လိုတွေးရမလဲ (ရှိ မရှိ တွေးရပါမယ်ဘုရား) ရှိမရှိ တွေးရင် ဘာဖြစ်ပါလိမ့် . . . (သန္တိဋ္ဌိကော ဖြစ်ပါ တယ်ဘုရား) သန္တိဋ္ဌိကော ဖြစ်မှာပဲ၊ မရှိဘူး . . မရှိဘူးလို့ ဆိုတာ ကိုယ်တိုင် မသိရဘူးလား . . . (သိရပါတယ်ဘုရား)။

ဒကာကြွယ် သိပ်များ ခက်နေသလား . . . (မခက် ပါဘုရား) မလုပ်ဖြစ်မှာ စိုးရိမ်ရတယ်၊ မခက်တာ ဆရာဘုန်း ကြီးက ပြလို့ ရှင်းသွားပြီ . . . (မှန်ပါ့)။

ဒကာဒကာမတွေက အိပ်ကြတဲ့အခါကျတော့ သံသရာ လည်ချင်လာတယ်၊ ရေသောက်ချင်တာလည်း မတွေး၊ မတွေးတော့ ကျုပ်မသောက်ရ မနေနိုင်ဘူးဆိုတဲ့ ဥပါဒါန်က လာ . . . (မှန်ပါ့ဘုရား)။

ရေသောက်ချင်တာက တဏှာ၊ မသောက်ရ မနေနိုင် တာက . . . (ဥပါဒါန်ပါဘုရား) ဘယ်သူက ယူပေးပေ မပေးပေး ကျုပ်ဟာကျုပ် သွားသောက်မယ်ဆိုတဲ့ ကာယကံ ဝစီကံ မလုပ်ဘူးလား . . . (လုပ်ပါတယ်ဘုရား) အဲဒါက

ဘာပါလိမ့် . . . (ကမ္မဘဝပါဘုရား) ကမ္မဘဝပစ္စယာ . . . (ဇာတိ ပါဘုရား) ဟာ သံသရာကို ကူးသွားတယ် . . . (မှန်ပါ့)။

ဇာတိပစ္စယာ . . . (ဇရာ မရဏပါဘုဂ္ဂား) အင်း . . . ဒီဘဝတောင် အိုပွဲ, သေပွဲမလွတ်သေးဘူး၊ ဟိုဘဝ အိုပွဲ, သေပွဲထပ်ပြီးတော့ရမယ်လို့ ရှယ်ပြီးသား၊ ဆုတောင်းပြီးသား ဖြစ်သွားတယ် . . . (မှန်ပါ့) ဘယ်လောက်များ နာတယ်ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## မဂ်ရထိုက်တဲ့ ကုသိုလ်ကံပါနိုင်ပါတယ်

ဒါကြောင့် ဒကာဒကာမတွေ ဘုန်းကြီးများနဲ့ တွေ့, ဆရာကောင်း, သမားကောင်းနဲ့တွေ့၊ သာသနာတွင်းကြုံ၊ ဘုန်းကြီးကလည်း ကျန်းကျန်းမာမာမို့ ဒကာဒကာမတွေလဲ ကျန်းကျန်းမာမာမို့ မဂ်ရထိုက်တဲ့ကုသိုလ်ကံ ပါနိုင်ပါတယ်လို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

အားမငယ်ကြစမ်းပါနဲ့၊ အားမငယ်ကြစမ်းပါနဲ့၊ မဂ်ရထိုက်တဲ့စိတ် သန္တိဋ္ဌိကောဂုဏ် ပြည့်စုံရင် ကောန်ရပါတယ် . . . (မှန်ပါ့) သဘောကျလား . . . (ကျပါပြီဘုရား)။

သန္ဒိဋ္ဌိကောဆိုတာ ဘာပါလိမ့် . . . (ကိုယ်တိုင်မြင်အောင် ကြည့်ရပါမယ်ဘုရား) ကိုယ်တိုင်မြင်ရမယ် . . .

(မှန်ပါ့) ဘယ်သူ့သန္တာန်မှာ မြင်ရမှာပါလိမ့် . . . (ကိုယ့်သန္တာန်မှာ မြင်ရမှာပါဘုရား)။

## ကိုယ်တိုင်မြင်အောင်ကြည့်ဖို့ အရေးကြီးတယ်

အဲ. . . ကိုယ့်သန္တာန်ဖြစ်တဲ့ စိတ်ကလေးရှိ မရှိကို တွေးလိုက်လို့ မရှိတာတွေ့ရင် သန္တိဋ္ဌိကော . . . (မှန်ပါ့) မခေါ်ဘူးလား . . . (ခေါ်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတို့ သန္ဒိဋ္ဌိကော ဆိုတာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အလွန်အရေးကြီးကြောင်းဖြင့် ဆရာဘုန်းကြီးသုံးလေးခါထပ်ပြောလို့ သိကြပါပြီ . . . (မှန်ပါ့ဘုရား)။

သန္ဒိဋ္ဌိကော ဉစ္စာသည်ကားလို့ . . . ဆိုလို့ရှိရင်ဖြင့် သန္ဒိဋ္ဌိကောကို တွဲစရာကလေးတစ်ခု ထည့်ပေးပါဦးမယ် . . . (မှန်ပါ့ဘုရား)။

တွဲစရာကလေး သတိထားလိုက်စမ်း ဒကာဒကာမတို့၊ ဧဟိပဿိကော . . . (မှန်ပါ့ဘုရား) ဧဟိ=လာခဲ့၊ ပဿ=ရှုပါတဲ့ . . . (မှန်ပါ့)။

ကျုပ် ရှုစမ်းပါဗျာ၊ ကျုပ် ရှုစမ်းပါဗျာ . . . လို့ တရားကခေါ်နေတယ် ဆိုပါကလား . . . (မှန်ပါ့)။

ဧဟိ=လာခဲ့၊ ပဿ=ရှုပါ၊ လာရှုစမ်းပါ၊ လာရှုစမ်းပါ

လို့ ဘယ်သူက ခေါ်သတုံး . . . (တရားကခေါ်ပါတယ် ဘုရား)။

ဩော် . . တရားတွေက ခေါ်ရှာပါရဲ့၊ ခင်ဗျားတို့က ကျောပေးနေလို့ ခက်နေတာ . . . (မှန်ပါ့) ဘယ့်နှယ်ကြောင့် ခက်နေသလဲ . . . (ကျောပေးနေလို့ ခက်ပါတယ်ဘုရား)။

မဟုတ်ဘူးဗျာ၊ တရားတော့ ကျောမပေးကြနဲ့ ခင်ဗျားတို့ တရားကြောင့် တရားသဘောအတိုင်း လူဖြစ်လာကြတာ . . . (မှန်ပါ့)။

## တရားကခေါ်ရင် သွားဖြစ်အောင်သွားပါ

ခင်ဗျားတို့ကို ဘယ်သူက ဖန်းဆင်းလို့မှ လူဖြစ်လာတာ မဟုတ်ဘူး . . (မှန်ပါ့) အဲဒီတရားတော့ ကျောမပေးနဲ့ . . . (မှန်ပါ့) တရားကခေါ်ရင် သွားဖြစ်အောင် သွားပါ . . . (မှန်ပါ့) ရိပ်မိပလား . . (ရိပ်မိပါပြီဘုရား)။

ဟေ်=ဘာတဲ့ . . . (လာခဲ့ပါ) ပဿ=ရှုပါ . . . (မှန်ပါ့) ဘယ်သူက ခေါ်ပါလိမ့် . . . (တရားကခေါ်ပါတယ် ဘုရား)။

ဒါဖြင့် တရားတိုင်းဟာ ခေါ်နေတာချည်းပဲ . . . (မှန်ပါ့) ခင်ဗျားတို့က မရှုဘူး . . . (မှန်ပါ့) ဘာဖြစ်နေသလဲ . . . (ကျောပေးနေပါတယ်ဘုရား)။

ဩော် . . . ကျေးဇူးရှင် ကျေးစွပ်တာပဲ . . . (မှန်ပါ့) ရိပ်မိမလား . . . (ရိပ်မိပါပြီဘုရား)။

ကျေးဇူးရှင် ကျေးစွပ်တယ်၊ ခင်ဗျားတို့ လူ့ဘဝရလာတာ ဘယ်သူပို့လိုက်တာတုံး . . . (တရားက ပို့ပါတယ်ဘုရား)။

ဩော် . . . ပို့ပြီးရင်တော့ သူ့တာဝန်ကျေပြီ၊ နောက်များ လှည့်တောင် မကြည့်ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ ခင်ဗျားတို့က နေတာလား . . . (မှန်ပါ့)။

မပြောထိုက်ဘူးလား . . . (ပြောထိုက်ပါတယ်ဘုရား) အတော်ဆိုးရွားတဲ့ ဒကာဒကာမတွေ **မဆိုးရွားဘူး** လား . . . (ဆိုးရွားပါတယ်ဘုရား)။

ဟေိက ဘာတဲ့ . . . (လာပါ) ပဿက . . . (ရှုပါ) ဘယ်သူက ခေါ်တာတုံး . . . (တရားကခေါ်တာပါဘုရား)။

အံမာလေး တရားက ခေါ်လျက်တောင်မှ ခင်ဗျားတို့က မရှုဖြစ်ဘူးဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ကျေးဇူးရှင်ကျေးစွပ်တာပဲ . . . (မှန်ပါ့) မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့ အတော်ခက်တဲ့ ဒကာဒကာမတွေတဲ့၊ ဟေိပဿိကောဆိုတာ ဟေိ=လာခဲ့၊ ပဿ=ရှုပါလို့ ပြောလျက်သားနဲ့ ခြင်ကိုက်တော့ ခင်ဗျားတို့ မျောင်ထဲမှာ ခြင်ကိုက်

တာတောင် ကျော့မှာကိုက်လို့ရှိရင် ခင်ဗျားတို့ စိတ်ကလေးက လက်ကိုညွှန်ပြပြီး အဲဒီနေရာ အယားဖျောက်ဟဲ့ဆိုတာ တရားက ခေါ်လို့ သွားတာ . . . (မှန်ပါ့)။

ခြင်ကိုက်တဲ့နေရာခေါ်တော့ သွားတယ်၊ အနိစ္စရောက်တဲ့နေရာက ခေါ်တော့ . . . (မသွားပါဘုရား) ဖြစ်မှဖြစ်ရလေ . . . အတော်ဆိုးနေတယ် . . . (မှန်ပါ့)။

ခြင်ကိုက်တဲ့နေရာကျတော့ စမ်းများသွားလိုက်သေးတယ် လက်ကလေးက . . . (မှန်ပါ့) အနိစ္စရောက်တဲ့ နေရာက ခေါ်တော့ . . . (မသွားပါဘုရား)။

ဩော် . . . မဂ်ဖိုလ်ရမှာများ ကြောက်ရှာကြတယ် (မှန်ပါ့) အမိပ္ပာယ်က ဒီမရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ဘာကြောက်နေကြသလဲ (မဂ်ဖိုလ်ရမှာ ကြောက်နေသလိုပါဘုရား) အပါယ်တံခါးပိတ်သွားရင် တပည့်တော်နောက်ထပ်မသွားရရင် ကိုယ်ကျိုးနည်းချည်ရဲ့၊ ဒီလိုများဖြစ်နေသလို မပြောထိုက်ဘူးလား ပြောထိုက်သလား . . . (ပြောထိုက်ပါတယ်ဘုရား) ခင်ဗျားတို့ ဖြစ်စဉ်လေ . . . (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ ဟေ့ိက ဘာတဲ့ (လာပါ) ပဿက (ရှုပါ) လာရှုစမ်းပါလို့ ဘယ်သူက ခေါ်သတုံး (တရားက ခေါ်ပါတယ်ဘုရား)။

ကိုင်း . . . ဒါဖြင့် တရားကခေါ် လို့ရှိရင်ဖြင့် သန္တိဋ္ဌိကောက လိုက်ပါတော့ ကိုယ်တိုင်မြင်အောင် လိုက်ပါတော့ (မှန်ပါ့ဘုရား)။

## ဧဟိပဿိကောက အခေါ်သမား

မင်းခေါ်တော့ကွာ၊ ကိုယ်တိုင်မြင်အောင် လိုက်မယ်၊ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဧဟိပဿိကောက အခေါ်သမား (မှန်ပါ့) သန္တိဋ္ဌိကောက အရှုသမား (မှန်ပါ့) ဘယ်လိုလုပ်ကြမယ် (ကိုယ်တိုင်မြင်အောင် ရှုရပါမယ်) ဧဟိပဿိက ခေါ်တဲ့ဆီကို သန္တိဋ္ဌိက လိုက်ပါ (မှန်ပါ့)။

သတိထားစမ်းပါ သတိထားစမ်းပါ ဒီနှစ်လုံးနဲ့ ဒီနေ့ တရားပွဲကြီးမှာ . . . (မှန်ပါ့) ကြပ်ကြပ်သတိထားစမ်းပါ။

ဧဟိပဿိကောက ဘာတဲ့ . . . (အခေါ်သမားပါဘုရား) ကျုပ်ဆီလာခဲ့ ကျုပ်ဆီလာခဲ့လို့ မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)။

သန္တိဋ္ဌိကောက ဘာလုပ်ရမတုံး (မြင်အောင်ရှုရပါမယ်) သူခေါ်တဲ့ဆီကို ရှုမယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ပြန်ပြောစမ်းပါ၊ ဧဟိပဿိကောက . . . (အခေါ်

သမားပါ) ခေါ်တာလည်း တရားပဲနော်. . . (မှန်ပါ့) သန္နိဋ္ဌာ ကော က ဘာလုပ်ရမလဲ . . . (လိုက်ရှုရပါမယ်) လိုက်ရှုတာ လည်း ဉာဏ်နဲ့လိုက်ရှုရမှာပဲ. . . (မှန်ပါ့)။

**အခေါ်နဲ့အရှု ပေါင်းမိရင် နိဗ္ဗာန်ရောက်ပါတယ်**

ဒါဖြင့် အခေါ်သမားနဲ့ အရှုသမား ပေါင်းမိလို့ရှိရင် ခင်ဗျားတို့သည်ကားလို့ . . .. ဆိုလို့ရှိရင်ဖြင့် သေသေချာချာ ခင်ဗျားတို့ နိဗ္ဗာန်ရောက်ပါတယ် . . . (မှန်ပါ့)။

အခေါ်သမားက အခု အနိစ္စခေါ်, ဒုက္ခခေါ်, အနတ္တ ခေါ်မှာကိုးဗျ. . . (မှန်ပါ့)။

နောက်ကျတော့ အနိစ္စ, ဒုက္ခ, အနတ္တဆုံးသွားတော့ အခေါ်သမားက နိဗ္ဗာန်ဖြစ်နေတယ် . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒကာကြွယ် ဒါမှတ်စမ်း . . . (မှန်ပါ့) ဘယ်လောက် အရေးကြီးသတုံး . . . (ကြီးပါတယ်ဘုရား)။

အခုတော့ဖြင့် အခေါ်သမားက အနိစ္စကခေါ်လိုက်၊ ဒုက္ခကခေါ်လိုက်နဲ့ မခေါ်ဘူးလား . . . (ခေါ်ပါတယ်ဘုရား) နောက်တော့ အနိစ္စ, ဒုက္ခ, အနတ္တတွေက ဆုံးမသွားဘူးလား . . . (ဆုံးသွားပါတယ်ဘုရား) နိဗ္ဗာန်က ခေါ်မယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်)။

ဟာ . . ဒကာကြွယ် တယ်အဖိုးတန်ပါလား . . . (မှန်ပါ့) အခုတော့ဖြင့် အနိစ္စက ခေါ်လိုက်၊ ဒုက္ခက . . . (ခေါ်လိုက်ပါဘုရား) အနတ္တက . . . (ခေါ်လိုက်ပါဘုရား)။

## အနိစ္စအဆုံးမှာ နိဗ္ဗာန်

နောက်ကျတော့ အနိစ္စလည်းချုပ်၊ ဒုက္ခလည်း ချုပ်သွားတော့ ဘယ်သူ ခေါ်မတုံး . . . (နိဗ္ဗာန်က ခေါ်ပါမယ်ဘုရား)။

ဟော . . . အနိစ္စအဆုံးမှာ နိဗ္ဗာန်၊ ဒုက္ခအဆုံးမှာ နိဗ္ဗာန်၊ အနတ္တ နိဗ္ဗာန် * . . . (မှန်ပါ့) အဲဒါတွေ မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဟေ့ဘယသိကောက အခေါ်သမား ဟုတ်လား . . . (မှန်ပါ့) သန္တိဋ္ဌိကောက လိုက်ရှုသမား၊ သဇ္ဘာကျပလား . . . (ကျပါပြီဘုရား)။

## ဒီတရားကို မမေ့ကြနဲ့

မမေ့နဲ့နော် ဒီတရားကို . . . (မှန်ပါ့) အဲဒီအခေါ်သမားနဲ့ အရှုသမားသာ တွဲနေမယ်ဆိုရင်ဖြင့် ဒကာကြွယ်တို့

---

* နိဗ္ဗာန်သည်လည်း အနတ္တပင်၊ သို့ဖြစ်၍ သင်္ခတအနတ္တအဆုံးမှာ အသင်္ခတအနတ္တဖြစ်သော နိဗ္ဗာန်ဟု ပြလိုပါသည်။

ဦးစံရီတို့၊ ဒကာအေးတို့ ပဋိစ္စသမုပ္ပာဒ်ပြတ်မပြတ် ကိုယ့်ကိုယ် . . (ပြတ်ပါတယ်ဘုရား)။

အနိစ္စခေါ်တဲ့ဆီကို အနိစ္စဉာဏ်သာလိုက်လို့ရှိရင် ဉာဏ်ဟာ မဂ်ပဲ. . . (မှန်ပါ့) မဂ်ဆိုရင် ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူးလား. . . . (ပြတ်ပါတယ်ဘုရား)၊ ပြတ်သည်နှင့်တစ်ပြိုင်နက်တည်း သံသရာဆက်ဦးမှာလား . . . (မဆက်ပါဘုရား) ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)၊ တယ်လည်း အဖိုးတန်ပါလား . . . (တန်ပါတယ်ဘုရား)။

ဒါဖြင့် ဒီနေ့တရားမှာ ဒကာဒကာမတို့ ဘယ်နှလုံးမှတ်မှာပါလိမ့် . . . (နှစ်လုံးပါဘုရား)။

တစ်လုံးက အခေါ်သမားက ဘယ်သူပါလိမ့် . . . (ဟေဝပဿိကောပါဘုရား) အလိုက်သမားက . . . (သန္တိဋ္ဌိကောပါဘုရား) အလိုက်သမားက သန္ဒိဋ္ဌိကော၊ ကိုယ်တိုင်မြင်အောင်လိုက်နော် . . . (မှန်ပါ့)။

အခေါ်သမားကဘာတဲ့ . . . (ဟေဝပဿိကောပါ) ဟေဝပဿိကော . . . တဲ့၊ ကျုပ်ပျက်နေပြီ၊ လာရှုလှည့်ပါ၊ ကျုပ်ပျက်တဲ့ဆီကို ရှုစမ်းပါ . . . (မှန်ပါ့) မခေါ်ဘူးလား . . . (ခေါ်ပါတယ်ဘုရား) အဲဒါ ဟေဝပဿိကော၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

သန္ဒိဋ္ဌိကောကာ ပျက်နေရင် ကိုယ်တိုင်ကြည့်ပါ

သော်ကောဆိုပြီး "သာမံပဿိတဗ္ဗော" နဲ့ ကိုယ်တိုင် လိုက်လိုက် . . . (မှန်ပါ့) ကိုယ်တိုင်ကြည့်လိုက်တော့ ဩော် . . . မရှိတာ မသိရပေဘူးလား . . . (သိရပါတယ်ဘုရား)။

ဒါဖြင့် မရှိတာက . . . (အနိစ္စပါ) ကိုယ်တိုင်သိ တာက (မဂ္ဂပါဘုရား)။

အဲ. . . ဒါကြောင့် ဒိဋ္ဌဓမ္မောဆိုတာ ကိုယ်တိုင်မြင်ပါ တယ်. . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

## ဒီနှစ်လုံးတည်းနဲ့ နိဗ္ဗာန်ရောက်တယ်

မသေပျော်သေးဘူးလား ဒကာအေး . . . (မှန်ပါ့) သေပျော်ပြီ . . . သေပျော်ပြီ၊ ဒီနှစ်လုံးတည်းနဲ့ နိဗ္ဗာန် ရောက်နိုင်တယ် . . . (မှန်ပါ့) ဒီနှစ်လုံးတည်းနဲ့ နိဗ္ဗာန် ရောက်တယ်ဆိုတာ ဒကာဒကာမတွေ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သိပ်အဖိုးတန်လွန်းလို့ ပြောနေပါတယ် . . . (မှန်ပါ့) ဒကာဒကာမတွေ ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ထမင်းစားချင်တဲ့စိတ်ကလေး ပေါ်လာပြီ ဟုတ်လား . . . (မှန်ပါ့) နောက်ကနေ သန္ဒိဋ္ဌိ ကောနဲ့ လိုက်လိုက်စမ်းပါ၊ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

မရှိတဲ့ဆီ လိုက်လိုက်တော့ကို ခင်ဗျားတို့က လိုက်ချင်

လို့ လိုက်တာလား၊ ဟိုတရားကိုက ခေါ်နေတာလား . . . (တရားကိုက ခေါ်တာပါဘုရား) မရှိတဲ့တရားကလေးက ခေါ်မနေဘူးလား . . . (ခေါ်နေပါတယ်ဘုရား)။

ကျုပ်သေပါပြီ လာကြည့်ပါဦး၊ ကျုပ်သေပါပြီ လာကြည့်ပါဦးဆိုတော့ ကျုပ်သေတာ လာကြည့်ပါဦးဆိုတာက ဟေိပဿိကော . . . (မှန်ပါ့) သန္ဒိဋ္ဌိကောကလည်းပဲ လာခဲ့မယ်ဆိုပြီး ကြည့်လိုက်တော့ အသေမတွေ့ရဘူးလား . . . (တွေ့ရပါတယ်ဘုရား)။

ဒါဖြင့်သေတာအနိစ္စ၊ တွေ့တဲ့ဉာဏ်က . . . (မဂ္ဂပါဘုရား) မဂ္ဂဆိုသဖြင့် ဒကာ ဒကာမတို့ လောဘသေလို့ နောက်ကလိုက်ကြည့်ပြန်လည်း သေတာက အနိစ္စ၊ လိုက်ကြည့်တာက . . . (မဂ္ဂပါဘုရား)။

ဒီလိုဆိုတော့ ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ, မပြက်ဘူးလား . . . (ပြတ်ပါတယ်ဘုရား)။

ကဲ . . . ဒေါသကလေးဖြစ်တယ်၊ ဒကာ ဒကာမတွေက သားတွေ, သမီးတွေပေါ်မှာ အဲဒီဖြစ်တဲ့ ဒေါသကလေးရှိ မရှိတွေးစမ်း . . . (မရှိပါဘုရား)။

ဒါဖြင့် မရှိတော့ ဘယ်သူက ခေါ်သွားလို့ပါလိမ့်၊ ဟေိပဿိကောဆိုတဲ့ အနိစ္စက မခေါ်ဘူးလား . . . (ခေါ်ပါတယ်ဘုရား) ခေါ်တော့ ဒကာဒကာမတွေက သန္ဒိဋ္ဌိကောနဲ့ မလိုက်ရဘူးလား . . . (လိုက်ရပါတယ်ဘုရား)။

ထိုကဲ့သို့ လိုက်ရတဲ့အခါကျတော့ အခေါ်သမားက အနိစ္စ၊ အလိုက်သမားက . . . (မဂ္ဂပါဘုရား)။

## သံသရာပြတ်တဲ့တရား

ဒေါသနောက်ကနေပြီး မဂ္ဂလိုက်တော့ သောက ပရိဒေဝဒုက္ခ ဒေါမနဿ လိုက်သေးရဲ့လား . . . (မလိုက် ပါဘုရား) သူမှ မလိုက်ဘဲနဲ့ အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယောကော လိုက်ပါဦးမလား . . . (မလိုက်ပါဘုရား) သံသရာပြတ်ပါကလား ဒကာဒကာမတို့ . . . (မှန်ပါ့)။

ဒကာကြွယ်ရေ . . . သေပျော်တယ်။ သေပျော်တယ် . . . (မှန်ပါ့) အင်မတန်အရေးကြီးတယ် ဒကာဒကာမတို့ . . . (မှန်ပါ့) နှစ်လုံးတည်းနဲ့ကော မမိဘူးလား. . . (မိပါတယ်ဘုရား) ဟေိပဿိကောက အခေါ်သမား၊ သန္ဒိဋ္ဌိ ကောက ဘာ. . . (လိုက်ရှုသမားပါဘုရား) လိုက်ရှုသမားဆို တော့ အခေါ်သမားကလည်း မပြတ်ခေါ်နေမှာပဲ . . (မှန်ပါ့) သန္ဒိဋ္ဌိကော တရားကလည်း မပြတ်လိုက်နေခြင်းဟာ ပဋိစ္စ သမုပ္ပာဒ် ပြတ်မပြတ် . . .(ပြတ်ပါတယ်ဘုရား)။

ပြတ်လို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပာဒ်ပြတ်တဲ့ တရားသည် 'ဒုက္ခပြတ်တဲ့တရား'၊ "ဧဝမေ တဿကေဝလဿ ဒုက္ခက္ခ န္ဓဿ နိရောဓော ဟောတိ" . . . (မှန်ပါ့) ဒုက္ခပြတ်တဲ့ တရားဆိုတာ သဘောပါပလား . . . (ပါပါပြီဘုရား)။

## ဒုက္ခပြတ်တော့နိဗ္ဗာန်

ဒုက္ခပြတ်တယ်ဆိုတော့ ဒုက္ခပြတ်တဲ့ ပုဂ္ဂိုလ်သည် ဒုက္ခဿန္တံ ကရိဿတိ=ဒုက္ခဿ=ဒုက္ခ၏၊ အန္တံ=အဆုံးဖြစ်တဲ့ နိဗ္ဗာန်သို့ ကရိဿတိ=ရောက်လတ္တံ့ . . . (မှန်ပါ့) သဘောကျ ပလား. . . (ကျပါပြီဘုရား)။

"ကရိဿတိ ပါပုဏိဿတိ" ဆိုတဲ့ ပါဠိတရားတော်များအရ ဆိုလို့ရှိရင်ဖြင့် အင်မတန် အဖိုးတန် မသွားဘူးလား . . . (တန်ပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ နက်ဖြန်ကစပြီး သကာလ ဒီပဋိစ္စသမုပ္ပာဒ်ကို ၄ နာရီကစပြီး ကွမ်းသီးလုံးနဲ့ ကျောင်းပေါ်မှာ စပြပြီး ဖြတ်ပုံရော, ဆက်ပုံရော နေ့တိုင်း ဆက်ဟောလိမ့်မယ် . . . (မှန်ပါ့) ၄ နာရီကအစ ၅ နာရီ အဆုံးပေါ့ဗျာ . . . (မှန်ပါ့)။

အဲဒါလက်တွေ့ တရားတွေချည့်ပြလိမ့်မယ်၊ လက်တွေ့ တရားတွေချည့်ပြမှာ ဖြစ်လေသောကြောင့် ဒီ အပြင်အရေးတွေ နောက်ထားပြီး တကယ့်အရေးရယ်လို့ အဓိကထားပြီး လာကြလို့ရှိရင် ခင်ဗျားတို့အတွက်မှာဖြင့် ဒုက္ခ ခပ်သိမ်း ငြိမ်းနိုင်လိမ့်မယ်လို့မှတ် (မှန်ပါ့)။

ဟာ . . . မအားလို့ မလာသေးဘူးဆိုရင်ဖြင့် မအားအောင် ခံနေရတဲ့အပါယ်မှာ ပျော်ကြမှာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အခေါ်သမားက ဘာတဲ့ . . . (ဟေတုပစ္စည်းကောပါဘုရား) အလိုက်သမားက . . . (သန္နိဋ္ဌာနကောပါဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ပြတ်၍ နိဗ္ဗာန်မှုချရမယ်

အဲ . . . အခေါ်သမားခေါ်တိုင်း ခေါ်တိုင်း အလာသမားကသာ ရှုနေမယ်ဆိုရင်ဖြင့် ပဋိစ္စသမုပ္ပါဒ်ပြတ်၍ နိဗ္ဗာန်မှုချရနိုင်သည်လို့ ဆုံးဖြတ်ချက်ချ၊ ဘယ်တရားကခေါ်ခေါ်သွားပါ . . . (မှန်ပါ့)။

ခင်ဗျားတို့ သန္တာန်ပေါ်မှာလည်း လောကီတရားချည်းပဲ၊ လောကီတရားဟူသရွေ့ဟာလည်း အပျက်ချည့်ပဲ . . . (မှန်ပါ့)။ အပျက်ကချည့်ခေါ်မှာပဲ . . . (မှန်ပါ့) ခေါ်တိုင်း ခေါ်တိုင်းသွားကြည့်ပါ . . . (မှန်ပါ့)၊ ခေါ်တာက အနိစ္စ၊ ရှုတာက . . . (မဂ္ဂပါဘုရား) ဖြတ်တာက သံသရာ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အခေါ်သမားကအနိစ္စ၊ အလိုက်သမားကမဂ္ဂ

ခေါ်သမားက . . . (အနိစ္စပါဘုရား) လိုက်သမားက (မဂ္ဂပါဘုရား) ဖြတ်တာက သံသရာ ပဋိစ္စသမုပ္ပါဒ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရမှ ရနိုင်ပါ့မလား (ရနိုင်ပါတယ်ဘုရား) ဆုတောင်းရဦးမှာလား၊ ကိုယ်တိုင်ဖြတ်လိုက်တာလား . . . (ကိုယ်တိုင်ဖြတ်လိုက်တာပါဘုရား) ကိုယ်တိုင်ဖြတ်ရမှာ ဆုတောင်းနေရုံမျှနဲ့တော့ မရဘူးလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ)။

ကိုင်း . . . ယနေ့ ၅ နာရီထိုးပြီ၊ ဒီတွင် တော်ကြဦးစို့ . . . ။

သာဓု . . . သာဓု . . . သာဓု

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က ထုတ်ဝေသော တရားတော် စာအုပ်ငယ်များ

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၁။ | ၄.၃.၆၀ | ဖဂ္ဂုဏာသုတ္တန်ဝေဒနာခွာနည်း |
| ၂။ | ၁၀.၇.၅၈ | ဇောခုနစ်ကြိမ် အကျိုးပေးပုံ |
| ၃။ | ၃၀.၃.၆၁ | ပြုံးသေ မဲ့သေ |
| ၄။ | ၂၁.၁၁.၆၁ | ဒါနခန်း |
| ၅။ | ၁၉.၆.၆၂ | ဖြစ်ပျက်မြင်တုန်း နိဗ္ဗာန်အတု ဝင်တတ်တယ် |
| ၆။ | ၁၄.၆.၆၂ | ဘုရားအကြိုက်ဆုံး ပူဇော်နည်း |
| ၇။ | ၂၆.၆.၆၂ | ဘုရားဝါဒနှင့် လုပ်ငန်းစဉ် |
| ၈။ | ၁၁.၉.၆၁ | သုညတ တရားဟောရစ်ပါ |
| ၉။ | ၃၁.၁၂.၅၈ | သောတာပန်ဖြစ်ဖို့ နှစ်ချက် |
| ၁၀။ | ၂၁.၁၁.၆၁ | မဂ္ဂင်အလုပ်မှတစ်ပါး ကယ်မည့်သူမရှိ |
| ၁၁။ | ၂၁.၁၁.၆၁ | သေနည်းကောင်းတရားတော် |
| ၁၂။ | ၂၂.၄.၆၂ | ကံလေးမျိုး |
| ၁၃။ | ၂၀.၉.၆၁ | ပြီးပြီးသားအကြောင်းရှိကြလို့ ဒီလိုဆရာကောင်းနဲ့ကြုံရတာ ဝိသုဒ္ဓိ (၇) ပါး |
| ၁၄။ | ၂၂.၈.၆၂ | သမထနှင့် ဝိပဿနာ တွဲရှုနည်း |
| ၁၅။ | ၁၅.၁၀.၆၂ | အားကိုးထိုက်တာအစစ် ရှာရစ်ကြ |
| ၁၆။ | ၂၄.၅.၆၂ | လောက်လန်းသဖွယ် ဝိညာဉ်တွယ် |
| ၁၇။ | ၄.၃.၅၉ | ပထမဇော အကျိုးပေးပုံ (မိလက္ခတိဿ) |
| ၁၈။ | ၄.၆.၆၂ | သစ္စာမြင်မှ နိဗ္ဗာန်ဝင်မည် |
| ၁၉။ | ၈.၉.၆၂ | ဒိဋ္ဌိစင်မှ နိဗ္ဗာန်မြင်မည် |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၂၀။ | ၁၃.၁၁.၆၀ | ဒိဋ္ဌိခွာကြစို့ တရားတော် |
| ၂၁။ | ၁၉.၁၀.၆၁ | ကိုယ်နဲ့ တော်တဲ့ တရားကိုရှာပါ |
| ၂၂။ | ၃၀.၈.၆၁ | ဝိပဿနာကျင့်စဉ်တရားတော် |
| ၂၃။ | ၂၉.၁၂.၆၀ | မိထွေးတော် ဂေါတမီ၏ ဘိက္ခုနီမငါးရာ ကျွတ်တမ်းဝင်ပုံ |
| ၂၄။ | ၁.၇.၆၂ | သောတာပန်၏ ထူးခြားချက် (၇) ချက် |
| ၂၅။ | ၃.၃.၅၉ | ဖြစ်ပျက်တွေရင် တိဟိတ်လို့ဆုံးဖြတ် |
| ၂၆။ | ၁၀.၈.၅၈ | ပဋိစ္စသမုပ္ပာဒ်လည်ပုံ |
| ၂၇။ | ၂၂.၆.၆၀ | ယောဂီများအတွက် အလုပ်စဉ် |
| ၂၈။ | ၂၇.၁၁.၆၀ | ဉာဏ်စဉ် ဘယ်ကလာသလဲ |
| ၂၉။ | ၉.၃.၆၁ | သူဌေးသား ကာလတရားနာနည်း |
| ၃၀။ | ၆.၁၂.၆၀ | အာဠဝကဘီလူး သောတာပန်တည်ပုံ |
| ၃၁။ | ၁၁.၉.၆၂ | ယမက မထေရ် သောတာပန်တည်ပုံ |
| ၃၂။ | | အမှတ်စဉ် (၉၁) နှင့် တူ |
| ၃၃။ | ၂၂.၉.၆၂ | ကိုယ်သာနာ၍ စိတ်မနာစေနှင့် |
| ၃၄။ | ၂၀.၁.၆၀ | ကံသာလျှင်အမိ ကံသာလျှင်အဖ များသည်ဟု မဆိုပါ |
| ၃၅။ | ၁၃.၁၁.၆၀ | သိကြားမင်း သောတာပန်တည်ပုံ ကာယမိမံ တရားထိုင်နည်း |
| ၃၆။ | ၂၉.၁.၅၅ | သူဌေးကတော် ဓမ္မဒိန္နာ ကျွတ်တမ်းဝင်သောနေ့ |
| ၃၇။ | ၂၆.၅.၆၂ | မာလုကျပုတ္တအလောင်းသိမ်းတရားတော် |
| ၃၈။ | ၄.၅.၆၂ | ဟိဘဝ၊ ဒိဘဝ ဆုမတောင်းပါနဲ့ |
| ၃၉။ | ၁၄.၆.၆၂ | ငါသေရင် အပါယ်သွားဦးမှာလား |
| ၄၀။ | ၁၅.၂.၅၅ | ဘုရားက ဘယ်လိုမှာခဲ့သတုံး (ဝိသာကာရနှင့် ရှင်အာနန္ဒာ) |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၄၁။ | မိုးကုတ်ဟော | လူ့ဘဝအင်မတန်ရခဲလို့ အလွဲသုံးစား မလုပ်ကြပါနဲ့ |
| ၄၂။ | ၁၆.၁၂.၅၇ | နိဗ္ဗာန်၏ အရသာ |
| ၄၃။ | ၇.၉.၆၂ | နိဗ္ဗာန်၏ အနှစ်သာရ |
| ၄၄။ | ၂၆.၉.၆၂ | ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်နှစ်ဦး ရဟန္တာဖြစ်ပုံ |
| ၄၅။ | ၄.၁၀.၆၁ | ဘုရားတစ်ဆူမှ တစ်ခါပေါ်သော အပါယ်လွတ်တရားတော် (နားငြီးလည်းပြောရမှာပဲ) |
| ၄၆။ | ၁၁.၁၀.၅၆ | အားမငယ်ကြပါနဲ့ တရားကဆောင်ပါလိမ့်မယ် |
| ၄၇။ | ၁၀.၇.၆၂ | ဘုန်းကြီးက သုသာန်သွားရင်း ဟောနေတာ |
| ၄၈။ | ၃.၁၁.၆၀ | ရဟန္တာဖြစ်မည့် ရှင်ဆန္နအမြင် |
| ၄၉။ | ၂၄.၁၀.၆၁ | ပဋိစ္စသမုပ္ပာဒ်ချုပ်လို့ ဘုရားဖြစ်တော်မူသည် |
| ၅၀။ | ၂၄.၈.၆၁ | အလယ်ရှပ် အပါယ်လွတ်တရားတော် |
| ၅၁။ | ၂၉.၆.၆၀ | အသေလွတ်တရားတော် (တောခွေးနှင့်လိပ်) |
| ၅၂။ | | အမှတ်စဉ် (၂၂၇) နှင့်တူ |
| ၅၃။ | ၂၀.၂.၆၀ | ခန္ဓာကပြောတာ စောင့်ကြည့်ပါ ဝိပဿနာရှုနည်း (မျောက်ဥပမာ) |
| ၅၄။ | ၁၃.၁၀.၅၆ | သာစုတန်းက မနေပါနှင့် (မဟာမိတ္တရဟန်း) |
| ၅၅။ | ၂၂.၅.၆၂ | တစ်ခဏနှင့် နိဗ္ဗာန်ရနိုင်သည့်တရားတော် (ရှင်ခေမကနှင့် ရဟန်းကြီးခြောက်ဆယ်) |
| ၅၆။ | ၃၁.၇.၆၂ | အမြင်မှန်ရပါစေ |
| ၅၇။ | ၂၄.၉.၆၁ | တယ်မိုက်တဲ့ ငါပါလား (ဆင်သေနဲ့ ကျီး) |
| ၅၈။ | ၁၃.၁၂.၆၁ | အရေးကြီးတာ သူ (ဝိသာခနှင့် ဓမ္မဒိန္နာ) |
| ၅၉။ | ၂၅.၁၀.၆၁ | သတ္တဝါ ဘယ်က, စပါလိမ့် |
| ၆၀။ | ၂၈.၂.၆၀ | နိဗ္ဗာန်မြင်ပုံ |
| ၆၁။ | ၁၃.၁၂.၆၁ | ခိုကိုးရာ ရှာထားပါ၊ ဒီလမ်းက ကွယ်တော့မယ် |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၆၂။ | ၁၈.၆.၆၂ | နိဗ္ဗာန်ဆိုတာ ဘယ်လိုပါလိမ့် |
| ၆၃။ | ၁၉.၁၂.၆၁ | ရှင်နန္ဒကနှင့် ဘိက္ခုနီမ ငါးရာ |
| ၆၄။ | ၁၇.၈.၆၁ | အဖြူ အမည်း မရောတဲ့ ကံ |
| ၆၅။ | ၉.၁၀.၆၁ | ငရဲဆိုတာ ဘယ်လိုလဲ? ဘယ်လိုနေမှ လွတ်မှာလဲ? |
| ၆၆။ | ၁၁.၁၀.၆၁ | နတ်ပြည်ရောက်မှန်းမသိခင် သောတာပန်တည်တယ် |
| ၆၇။ | ၁၄.၁၂.၆၁ | သိရုံနှင့် နိဗ္ဗာန်မရနိုင်ပါ (ကြက်မကြီးဥပမာ) |
| ၆၈။ | ၁၇.၁၂.၆၁ | ဖြစ်ပျက်မြင်ရင် နိဗ္ဗာန်တံခါးဝနား ရပ်နေပြီ |
| ၆၉။ | ၂၀.၆.၆၂ | နာမ်ရုပ်ကြောင့်လည်း ဝိညာဏ်ဖြစ်တယ် (ရှင်သာရိပုတ္တရာ၊ ရှင်ကောဋ္ဌိက) |
| ၇၀။ | ၁၂.၁၂.၆၁ | အဖိုးတန်တဲ့ဘဝ အဖိုးတန်တဲ့အလုပ်လုပ်ပါ |
| ၇၁။ | ၇.၁၂.၅၉ | ကျန်းမာတုန်းမြင်တဲ့ဒုက္ခမှ နိဗ္ဗာန်ကျေးဇူးပြု |
| ၇၂။ | ၁၉.၁၂.၆၀ | ပြင်ချိန်ရှိတုန်း ပြင်ဆင်ထားကြ (တမ္ဗဒါဌိက ခိုးသူကြီး) |
| ၇၃။ | ၂၅.၆.၆၂ | ဝိဇ္ဇာမဖြစ်သရွေ့ လိုသေးတယ် |
| ၇၄။ | ၂၄.၆.၆၂ | အားထုတ်တဲ့ ပုဂ္ဂိုလ်တို့အတွက် နိဗ္ဗာန် (မိလက္ခတိဿ) |
| ၇၅။ | ၂.၉.၅၀ | အင်္ဂါလေးချက်နဲ့ညီရင် ဒုတိယဘဝမှာပြီးတယ် (သောတာနုဂတသုတ်) |
| ၇၆။ | ၁.၁.၅၈ | ကာယာနုပဿနာ (ဝက္ကလိရဟန်း) |
| ၇၇။ | ၁၃.၇.၆၂ | နွားကျောင်းသားနှင့် နွားနို့ရှင် (သလ္လေခသုတ်) |
| ၇၈။ | ၂.၃.၆၀ | သောတာပန်၏ အမြင် (၄)မျိုး (ဖိုလ်ဝင်စားပုံ) |
| ၇၉။ | ၂၉.၂.၆၀ | အပါယ်လွတ်ကြောင်းတရားကောင်း (သမ္မာဒိဋ္ဌိ (၅) မျိုး) |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
| --- | --- | --- |
| ၈၀။ | ၁.၃.၆၀ | မဂ်ဉာဏ်ကူးကြပါစို့ |
| ၈၁။ | ၃.၁၂.၅၉ | ဉာဏ်ပညာကို ခေါင်းဆောင်ထားပါ(ရှင်နန္ဒက) |
| ၈၂။ | ၂၄.၁၁.၆၁ | အဓိပတိသုံးပါးကင်းရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင် |
| ၈၃။ | ၁၅.၆.၆၁ | မသူတော်ဘေး |
| ၈၄။ | ၁၅.၁၀.၅၅ | ဝိပဿနာလက်တွေ့လုပ်နည်း (လူသစ်များအတွက်) |
| ၈၅။ | ၂.၁၂.၅၉ | လောကွတ်အလုပ်ကို ရှောင်ကြပါ။ (ရှင်နန္ဒက) |
| ၈၆။ | ၁၁.၁၀.၅၇ | ဝိပဿနာ ယောဂီပုဂ္ဂိုလ် လေးမျိုး (ရှင်သာရိပုတ္တရာ၊ ရှင်အာနန္ဒာ) |
| ၈၇။ | ၆.၁၂.၅၉ | ကံခြောက်မျိုး |
| ၈၈။ | ၂၉.၅.၆၂ | အစေးခန်းမှ နေရာကျမယ် |
| ၈၉။ | ၁၈.၂.၆၁ | မှန်ထောင် မလွဲပါစေနှင့် |
| ၉၀။ | ၂.၆.၆၂ | နောင်လာနောက်သားများအတွက် အမြေ |
| ၉၁။ | ၁၆.၆.၆၂ | ဝိပဿနာ ရှုနည်း ညှိနည်း |
| ၉၂။ | ၁၃.၂.၅၅ | ဘယ်မှာမှ တရားရှာမနေနဲ့ ဒီသုံးဉာဏ်နဲ့ ပြီးပါတယ်။ |
| ၉၃။ | ၁၄.၇.၆၂ | ဒီအလုပ်နဲ့ နေရစ်ကြပါ |
| ၉၄။ | ၃၀.၁၀.၆၁ | ကိုယ့်အခြေအနေ ကိုယ်သိကြစမ်းပါ |
| ၉၅။ | ၁၆.၄.၆၂ | အနှစ်ထမ်းပြီး ပြန်ကြပါ |
| ၉၆။ | မိုးကုတ်ဟော | သာသနာ ဝမ်းထဲရောက်ကြပြီလား |
| ၉၇။ | ၁၀.၃.၆၁ | မှန်းခြေပေါက်အလုပ် လုပ်ထားစေချင်တယ် |
| ၉၈။ | ၂၂.၃.၆၁ | ကယ်နိုင်တုန်း ကိုယ့်ကိုယ်ကယ်ကြပါ |
| ၉၉။ | ၃.၁.၅၈ | ဝေဒနာကင်းအောင်ရှုပါ။ သေရင် သုဂတိနဲ့ နိဗ္ဗာန် (အဿဇိ ရဟန်း) |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၁၀၀။ | မိုးကုတ်ဟော | ဘာ့ကြောင့် မင်္ဂမရကြပါလိမ့်၊ သမာဓိ မရှိလို့ |
| ၁၀၁။ | မိုးကုတ်ဟော | မသေသေးရင် ချက်ချင်းပြင်ပါ |
| ၁၀၂။ | ၃၁.၁.၆၁ | မသေရာရှာဖို့ အချိန်ရောက်ပြီ |
| ၁၀၃။ | ၆.၂.၆၁ | နိဗ္ဗာန်ရောက်ချင်ရင် ခန္ဓာအစဉ်ဖြတ်ရမယ် |
| ၁၀၄။ | မိုးကုတ်ဟော | ဖြဟ္မာတ်သောင်း ကျွတ်တမ်းဝင်ပုံ (ဗက ဖြဟ္မာ) |
| ၁၀၅။ | ၆.၃.၅၆ | တရားထိုင်သူများအတွက် အားထုတ်စဉ် (နန္ဒိယ၊ ရေဝတီ) |
| ၁၀၆။ | ၁၅.၁၂.၆၁ | အလှူလှူတယ်ဆိုတာ ကိုယ်ရတာ |
| ၁၀၇။ | ၄.၉.၆၁ | ကိလေသာ ကြားတိုးရင် ဖြစ်ပျက်ရှု (ပုဂ္ဂိုလ်လေးမျိုး) |
| ၁၀၈။ | ၂၇.၄.၆၂ | ဆရာညံ့ရင် တရားထူးမရနိုင် (ဓနဉ္စနိ ပုဏ္ဏားကြီး) |
| ၁၀၉။ | ၂၇.၁၀.၆၁ | တရားနာတာသည် ပညာမျက်လုံးလာယူတာ |
| ၁၁၀။ | ၁၅.၁၀.၅၆ | ဒီတရားတော် အကောင်းဆုံး (၇) နှစ်သား ရဟန္တာ သုခသာမဏေ |
| ၁၁၁။ | ၈.၁၀.၅၆ | မျက်ရည်ကျဇာတ်ကို သိမ်းကြပါ (ကုမာရကဿပ မယ်တော်) |
| ၁၁၂။ | ၁၉.၄.၆၂ | ပြုံးချိန်ရောက်မှ ပြုံးကြစမ်းပါ (သစ္စက ပရိဗိုဇ်) |
| ၁၁၃။ | ၉.၁.၆၁ | အသက်ကြီးသူများအတွက် နိဗ္ဗာန်ရောက်ကြောင်းနှစ်မျိုး (မာလုကျပုတ္တ) |
| ၁၁၄။ | ၁၁.၁၀.၆၂ | မင်္ဂတုပေါ်သို့ ကျော်နိုင်ရင် ကိစ္စပြီးမယ် |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၁၁၅။ | ၁.၁.၆၁ | ဒီကပြန်ရင် အလုပ်သာလုပ်ပေတော့ (မြန်မာပြည်သား မဟာပုဏ္ဏ) |
| ၁၁၆။ | ၁၅.၂.၆၂ | လောကပြင်ဘက်ထွက်မှ နိဗ္ဗာန်ရမယ် |
| ၁၁၇။ | ၂၅.၃.၆၂ | ဘုရားပြောသော စကားနှစ်ခွန်း |
| ၁၁၈။ | ၁၇.၉.၆၂ | အနိစ္စမြင်လျက်သားနဲ့ နိဗ္ဗာန်မရ (ရှင်ဆန္န) |
| ၁၁၉။ | ၁၂.၁၁.၅၆ | အလုပ်လုပ်သူများအတွက် ဒကာစိန်မှတ်တိုင် |
| ၁၂၀။ | ၁၁.၅.၆၂ | ဘာကြောင့် ဒကာမတွေ အပါယ်အသွားများပါလိမ့် (ရှင်အနုရုဒ္ဓါ) |
| ၁၂၁။ | ၁.၁၀.၆၂ | ပဋိစ္စသမုပ္ပာဒ်မှ ထွက်ရာလမ်း |
| ၁၂၂။ | ၁၃.၆.၆၁ | တရားကျင့်နေတာသည် ဘုရားအကြိုက်ဆုံး |
| ၁၂၃။ | ၈.၈.၅၈ | သေနည်းသင်တရားတော် (သေနည်းသုံးမျိုး) |
| ၁၂၄။ | ၂၅.၁၁.၆၀ | ဆေးခွက်ကိုင်ရင် မပြေးကြပါနဲ့ |
| ၁၂၅။ | ၄.၉.၅၅ | ဘုရားအဆူဆူ သွားတဲ့လမ်း |
| ၁၂၆။ | ၄.၁၂.၅၉ | မလျှော့မတင်း ကျင့်မှရမယ် (သောဏသူဌေးသား) |
| ၁၂၇။ | မိုးကုတ်ဟော | ကမ္မဋ္ဌာန်းရွေးနည်း၊ ဝိပဿနာရှုနည်း |
| ၁၂၈။ | ၂.၁.၅၈ | တရားမြင်မှ ဘုရားမြင်မယ် (ဝက္ကလိရဟန်း) |
| ၁၂၉။ | ၁၃.၁၀.၆၂ | ငါသေရင် သပိတ်မသွတ်နဲ့ |
| ၁၃၀။ | ၁၄.၁၀.၆၂ ၁၀.၁၂.၅၈ | ကိုယ့်အပါယ်တံခါးကို ရဲရဲတင်းတင်း ပိတ်ပါ (ကာယာနုပဿနာ) |
| ၁၃၁။ | မိုးကုတ်ဟော | စာမတတ်ပေမယ့် ကျွတ်တမ်းဝင်တယ် |
| ၁၃၂။ | ၄.၁၂.၅၇ | ကြွေးရှိတဲ့ပုဂ္ဂိုလ် အေးနေလို့ မတော်ဘူး |
| ၁၃၃။ | ၁၉.၃.၆၀ | ဉာဏ်ကလေးနဲ့ ခေါင်းညိတ်စမ်းပါ |
| ၁၃၄။ | ၇.၃.၅၉ | အနတ္တက အနတ္တကို အားကိုးနေကြတယ် |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၁၃၅။ | ၂၈.၁၁.၆၁ | တဏှာခန့်ကာ ဘယ်ဟာကြောက်စရာကောင်းသတုံး |
| ၁၃၆။ | ၅.၇.၅၆ | တဏှာသည် အပ်ချုပ်သမား |
| ၁၃၇။ | ၉.၄.၆၀ | မဂ်ဉာဏ်မရနိုင်သော ရှစ်နေရာ |
| ၁၃၈။ | ၁၇.၁.၅၉ | တရားအားထုတ်တဲ့နည်း |
| ၁၃၉။ | ၂၁.၂.၆၂ | ကိုယ့်ခန္ဓာ ကိုယ့်ဉာဏ်နဲ့ ကြည့်ပေးပါ |
| ၁၄၀။ | ၂၀.၂.၆၂ | သမုတိသစ္စာ မပယ်နဲ့၊ ပရမတ္ထသစ္စာ မကွယ်စေနဲ့ |
| ၁၄၁။ | ၂၃.၂.၆၂ | သက္ကာယဒိဋ္ဌိဆိုတာ သိပါရစေ |
| ၁၄၂။ | ၂၅.၉.၆၁ | ဆင်ခြေမလဲပါနဲ့တော့၊ အလုပ်လုပ်မှ ပြည့်စုံမှာ |
| ၁၄၃။ | ၂၀.၃.၆၁ | ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာလိုတော့သည် |
| ၁၄၄။ | ၂၀.၁၁.၆၁ | ကိုယ်ပိုင်ရထားတဲ့ စက်ဝိုင်းကြီးကဘာပါလိမ့်မလဲ |
| ၁၄၅။ | ၁၃.၃.၆၂ | သောတာပန်မှ ရဟန္တာဖြစ်သည်ထိအလုပ်စဉ် |
| ၁၄၆။ | မိုးကုတ်ဟော | သံသရာမှာ အစမရှိ၊ အဆုံးရှိသည်။ နိဗ္ဗာန်မှာ အစသာရှိသည်၊ အဆုံးမရှိ။ |
| ၁၄၇။ | ၈.၁.၅၉ | ဘုရားက ဘယ်သူ့ကိုးကွယ်ပါလိမ့် |
| ၁၄၈။ | ၂၇.၁၁.၆၀ | ပြုံးသေအဖြစ်နဲ့ သေစေချင် |
| ၁၄၉။ | ၂၉.၅.၆၁ | ပြင်ပေးမည့်သူရှိရင် ချက်ချင်းရတယ် |
| ၁၅၀။ | ၅.၁.၅၉ | ကိုယ်ကိုယ်တိုင်၊ သောတာပန်တည်ပြီလား |
| ၁၅၁။ | ၁.၁.၅၉ | ဆရာ့အပြောနဲ့ ခန္ဓာ့အဟော ကိုက်အောင်လုပ်ပါ |
| ၁၅၂။ | ၂.၁.၅၉ | ယောဂီပုဂ္ဂိုလ်၏ အမြင်မှန်၊ အယူလွဲမှာစိုးလို့ ပြင်ပေးတာပါ (တရားထိုင်သူများအတွက်) |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၁၅၃။ | ၁၄.၈.၅၈ | ဝေဒနာကို မတွေ့စေနဲ့၊ ဝေဒနာပျက်တာကို တွေ့ပါစေ |
| ၁၅၄။ | ၈.၉.၅၅ | သားသမီးခင်တာသည် ငါးစာတွေ မျှိနေကြတာ (ငါးမျှားချိတ်) |
| ၁၅၅။ | ၁၄.၁၀.၆၁ | ပြုံးပြီးအားထုတ်ကြပါ။ အဖိုးတန်လွန်းလို့ ပြောနေတာ |
| ၁၅၆။ | ၆.၁.၅၉ | ကောင်းလို့ရတာက (၃၁)ဘုံ၊ ပွားမှုရမှာက နိဗ္ဗာန် |
| ၁၅၇။ | ၁၂.၈.၅၈ | ဓါနေတာသည် အနေကောင်းလား၊ အနေဆိုးလား |
| ၁၅၈။ | ၂၁.၁၂.၆၀ | နောက်တန်းကဟာတွေ မအောက်မေ့နဲ့ |
| ၁၅၉။ | ၂.၃.၆၂ | လူတိုင်းမှာ အိုမှု သေမှုရှိတယ် |
| ၁၆၀။ | ၁၆.၂.၆၂ | လောကသုံးပါး ဘယ်လောကမှ ထွက်ရမှာတုံး |
| ၁၆၁။ | ၂၈.၃.၆၂ | ပြောပေးမည့်လူရှိတုန်း လုပ်ထားကြပါ (စိတ္တသူကြွယ်) |
| ၁၆၂။ | ၃.၁.၅၉ | သတိပဋ္ဌာန်ကင်းရင် ပဋိစ္စသမုပ္ပာဒ် ဖြစ်တယ် (သစ္စဉာဏ်) |
| ၁၆၃။ | ၄.၁.၅၉ | ပြုံးနေတော့ လောဘမီး မဲ့နေတော့ ဒေါသမီး (ကိစ္စဉာဏ်) |
| ၁၆၄။ | ၉.၁.၅၉ | မေတ္တာပို့ရင် ရှင်းရှင်းလင်းလင်းပို့ပါ |
| ၁၆၅။ | ၂၈.၁၁.၅၉ | ပညာလေးနဲ့ ရှုနေစမ်းပါ (ဂိလာန ရဟန်း) |
| ၁၆၆။ | ၁၈.၁.၅၉ | ဝိပဿနာရှုပွားနည်း |
| ၁၆၇။ | ၁၄.၂.၆၀ | သေနာပေါ်၍ သေသည် |
| ၁၆၈။ | ၂.၁၀.၆၁ | ခန္ဓာမှာ တရားရှာပါ။ အပါယ်မကျတာ တာဝန်ခံပါတယ် |
| ၁၆၉။ | ၁.၃.၅၉ | တစိမ်းတွေကို ဆွေမျိုးလုပ်ပြီး ကြည့်မနေနဲ့ |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
| --- | --- | --- |
| ၁၇၀။ | ၁၈.၃.၆၀ | သင်္ခါရတရား (သုဘဒ်ရဟန်း) |
| ၁၇၁။ | ၁၀.၁၂.၅၈ | စင်္ကြံလျှောက်ရှုပွားနည်း (ကာယာနုပဿနာ) |
| ၁၇၂။ | ၁၉.၁.၅၉ | လူ့ပြည်ရောက်ရင် နိဗ္ဗာန်အရယူမယ် |
| ၁၇၃။ | ၁၅.၃.၆၂ | ကြုံတုန်းစည်တုန်းမှာ အသစ်ကံ၊ ညကျတော့ အဟောင်းကံ |
| | ၂၅.၁၂.၆၀ | မိန်းမမြတ်ဖြစ်ချင်လို့ရှိရင် ဒီ (၇)ချက် နားလည်ရပါ့မယ် |
| ၁၇၄။ | ၂၇.၂.၆၂ | အားကိုးလွဲရင် ငိုပွဲချည်းပဲ |
| | ၁.၃.၆၂ | ဘယ်အကျိုးငှာ ဘုရားပွင့်သတုံး |
| ၁၇၅။ | ၂၈.၂.၆၂ | နိဗ္ဗာန်သွားနေတဲ့ နာရီဝက် |
| | ၂၄.၂.၆၂ | ဗုဒ္ဓဘာသာများမှာ ကံအားကိုးတာ များတယ် |
| ၁၇၆။ | ၆.၃.၅၉ | အမှန်ဆိုပေမယ့် ကုန်းတိုက်တာ ဖြစ်တတ်တယ် |
| ၁၇၇။ | ၈.၁၂.၅၉ | နှုတ်ချိုသလောက် မဂ်ဖိုလ်တားတယ် (ကာမခြောက်မျိုး) |
| ၁၇၈။ | ၁၀.၁၂.၅၉ | ဝိပဿနာအားထုတ်ဆဲပုဂ္ဂိုလ်များအတွက် ဒီတစ်လုပ်တည်းနဲ့ ကိစ္စပြီးတယ်(ဥတ္တရလုလင်) |
| ၁၇၉။ | ၅.၁၂.၅၉ | ဘုရားဟောတာသာ ယုံလိုက်စမ်းပါ (အာသဝခြောက်မျိုး) |
| ၁၈၀။ | ၉.၁၂.၅၉ | ဘုရားပွင့်မပွင့်ဆိုတာ ကိုယ့်ဉာဏ်အပေါ်မှာ မှီတယ် (ဝေဒနာခြောက်မျိုး) |
| ၁၈၁။ | ၁၆.၃.၆၂ | မတရားကို တရားနဲ့မှ နိုင်မယ် |
| | ၄.၃.၆၂ | ဖြေဆေးငါးခွက် သောက်ပါ |
| ၁၈၂။ | ၂၅.၁၁.၆၁ | ခြင်ကိုက်တဲ့ဥစ္စာ အပါယ်မှ ရောက်ပါ့မလား (သတိပဋ္ဌာန်သုံးမျိုး) |
| ၁၈၃။ | ၇.၇.၆၂(ည) | ပြုံးသေဖြစ်အောင် လုပ်ကြစမ်းပါ |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၁၈၄။ | မိုးကုတ်ဟော | ငါအပါယ်ကျမယ်ဆိုတာ လုံးဝမပူပါနဲ့တော့ (မြင်းမြီးဆွဲ မောင်ဆန်) |
| ၁၈၅။ | ၅.၁၀.၆၁ | ဒီအပြုံးသည် ဉာဏ်ပြုံးလား၊ တဏှာပြုံးလား |
| ၁၈၆။* | ၂၆.၈.၅၈ | ရုပ်ရည်ကတော့ ချောပါရဲ့၊ အို၊ နာ၊ သေက ပါနေတယ် |
| ၁၈၇။ | ၇.၁.၅၉ | သေခါနီးဆရာက သေခါနီးတရား ဟောနေတာ |
| ၁၈၈။ | ၇.၇.၆၂ (နံနက်) | မြန်မြန်အားထုတ်ကြပါ။ ရက်ရွှေ့ရင် မှားတယ် |
| ၁၈၉။ | ၁၇.၂.၆၁ | သူများကိုစည့်ခံမနေနဲ့ ကိုယ့်အလုပ်သာကိုယ်ကြိုးစား |
| ၁၉၀။ | ၁၉.၄.၆၂ | ဒါကလေးကို ပြင်လိုက်ရင်သိပ်ကောင်းမယ် |
| ၁၉၁။ | ၁၉.၂.၆၁ | သံသရာမလည်ချင်ပါနဲ့တော့ |
| ၁၉၂။ | ၇.၁၂.၅၇ | ဒုက္ခသစ္စာ၏ အနက် (၂) သင်္ခတဋ္ဌော ဉာဏ်သုံးဉာဏ် ဘယ်မှာဟောသတုံး |
| ၁၉၃။ | ၉.၁၂.၅၇ | ဒုက္ခသစ္စာ၏ အနက် (၃) သန္တာပဋ္ဌော တရားနာရင်း ကျွတ်တမ်းဝင်နည်း |
| ၁၉၄။ | ၉.၉.၆၁ | ဒိဋ္ဌိမပြုတ်သ၍ ဝိပဿနာမဟုတ်သေးဘူး |
| ၁၉၅။ | ၁၇.၄.၆၀ | အမိအဖ ပြောင်းကြပါစို့ |
| ၁၉၆။ | ၁.၁.၆၀ | အလုပ် မလုပ်ရင် ကိုယ်ကျိုးနည်းပြီ |
| ၁၉၇။ | ၁၀.၅.၆၁ | ဘာပါရမီမှ မစောင့်ပါနဲ့၊ မဂ္ဂင်သာ ဝမ်းထဲရောက်ပါစေ |
| ၁၉၈။ | ၉.၅.၆၁ | ရေစက်ချလေး ပြင်ဦးမှတော်မယ် |
| ၁၉၉။ | ၉.၁၀.၆၁ | ဝိပဿနာရှုဆိုတာ ဘာကိုရှုရမှာတုံး |
| ၂၀၀။ | ၈.၃.၆၀ | ဒီမြေပုံသာ အပျောက်မခံနဲ့ နိဗ္ဗာန်ရောက်ပါတယ် |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၂၀၁။ | ၁၃.၂.၆၁ | သတ္တဝါသေရင်ဖြစ်သေးသလား(ရှင်အနုရာဓ) |
| ၂၀၂။ | ၂၀.၁၂.၆၀ | ကိုယ်ကိုယ်တိုင် အရိယာဖြစ်အောင်လုပ်နည်း (တရားထိုင်နေသူများအတွက်) |
| ၂၀၃။ | ၁၀.၁၂.၅၇ | ဒုက္ခသစ္စာ၏ အနက်(၄) ဝိပရိဏာမဋ္ဌော၊ ဆရာ့တာဝန် ကိုယ့်တာဝန်နှင့် ဓမ္မ၏တာဝန် |
| ၂၀၄။ | ၂၀.၁၀.၆၂ | တရားနှလုံးသွင်းပါဆိုတာ ခန္ဓာကို ကြည့်ကြလို့ ပြောတာ (ဝဇီရာဘိက္ခုနီမ) |
| ၂၀၅။ | မိုးကုတ်ဟော | ပင်ပန်းတဲ့အထဲက အရယူကြစမ်းပါ |
| ၂၀၆။ | ၂၅.၈.၆၁ | ဒီဘဝ နိဗ္ဗာန်ရချင်ရင် သစ္စာတရားနာလို့ သစ္စာတွေ့ရင်ပြီးပါတယ် |
| ၂၀၇။ | ၁၂.၃.၆၁ | အပြောနဲ့မပြီးဘူးနော်၊ ကိုယ်တိုင်စမ်းကြည့်ပါ။ (သုသိမ) |
| ၂၀၈။ | ၇.၁၂.၆၁ | အပါယ်လေးပါး ငါမသွားဘူး အသေစိတ်ချရပြီ |
| ၂၀၉။ | ၁၂.၁၀.၆၂ | အလှူပေးတဲ့နေ့ဟာ ကုန်တဲ့နေ့လား၊ ရတဲ့နေ့လား |
| ၂၁၀။ | ၁၃.၈.၅၈ | နိဗ္ဗာန်ရှာချင်ရင် ဘယ်နေရာမှာထိုင်ပြီး ရှာရမှာတုံး |
| ၂၁၁။ | ၂၉.၉.၅၄ | ဘယ်အခါမှ သတိမလစ်စေနဲ့ နိဗ္ဗာန်ရောက်ပါတယ် |
| ၂၁၂။ | ၁.၇.၆၀ | တရေးနိုးရင်လည်း ဒါပဲတွေးပါ |
| ၂၁၃။ | ၁၈.၂.၆၀ | ဖြစ်ပျက်ရမ်းရှုနေလို့မဖြစ်သေးဘူး (ရှင်ဆန္န) |
| ၂၁၄။ | ၁၆.၇.၆၂ | ကိုယ့်အရေးကို ထည့်စဉ်းစားပါ |
| ၂၁၅။ | ၂၇.၅.၆၂ | ဒို့လုပ်နေတဲ့အလုပ်ဟာ နိဗ္ဗာန်ရောက်ကြောင်း |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၂၁၆။ | ၂၁·၄·၆၂ | ဝိပဿနာရှုနေတာ ဘာကျေးဇူးရှိသတုံး၊ ရှေ့ပြေးနိဗ္ဗာန်ရပြီ |
| ၂၁၇။ | ၉·၁၂·၆၀ | ဘုံဘဝမှာ ခံစားချင်သေးသလား၊ ကိုယ့်ကိုယ်ကို စစ်တမ်းထုတ်ပါ |
| ၂၁၈။ | ၃·၆·၆၀ | ဘယ့်နှယ်ကြောင့် သတ္တဝါလို့ခေါ်ပါလိမ့် |
| ၂၁၉။ | ၁၂·၅·၆၁ | နိဗ္ဗာန်အရှာမလွဲကြပါနဲ့၊ တရားထူးနာရလို့ ဝမ်းမြောက်ကြစမ်းပါ |
| ၂၂၀။ | ၁၀·၃·၅၄ | ဘယ်လိုပုဂ္ဂိုလ်မှ ဓမ္မကထိကခေါ်ထိုက်သလဲ? ဘယ်ပုဂ္ဂိုလ်မှ ယခုဘဝနိဗ္ဗာန်ရမလဲ? |
| ၂၂၁။ | ၁၄·၁၁·၆၀ | အဖေခေါ်တိုင်း ပြုံးမနေပါနဲ့၊ ကိုယ့်အရေးက စိတ်ချရပြီလား |
| ၂၂၂။ | | အမှတ်စဉ် (၁၃၀) နှင့် တူ |
| ၂၂၃။ | ၉·၈·၆၁ | သာသနာတွင်းသား ဖြစ်ပြီလား ပြင်ချိန်ရှိတုန်း ပြင်လိုက်ကြပါ |
| ၂၂၄။ | ၈·၆·၆၂ | သာသနာနဲ့ ဆရာကောင်းတွေ့တုန်း ကြိုးစားကြ၊ ဒီခေတ်လွတ်သွားရင် သွားပြီ |
| ၂၂၅။ | ၃·၆·၆၂ | သောက်ဆေးကို လိမ်းဆေးမလုပ်ပါနဲ့ (ဝိဇ္ဇာနဲ့ စရဏ) |
| ၂၂၆။ | ၁၇·၁၁·၆၀ | လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံး |
| ၂၂၇။ | ၆·၁၂·၅၇ | ဒုက္ခသစ္စာ၏ အနက် (၁) ပဋိဝေဓဉာဏ် |
| ၂၂၈။ | ၂၆·၃·၅၉ | အပေါင်းအသင်း မလွဲပါစေနဲ့ ဉာဏ်ချိန်ခွင် ရှိထားကြပါ |
| ၂၂၉။ | ၈·၃·၅၄ | ဘယ်လိုပုဂ္ဂိုလ်မှ နိဗ္ဗာန်ရောက်နိုင်သလဲ |
| ၂၃၀။ | ၁၂·၃·၅၄ | သုံးခွန်းဟောရင် မိုက်ရာရောက်လိမ့်မယ် (အရိဋ္ဌမ မင်းသား) |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၂၃၁။ | ၁၈·၃·၅၄ | ဟောဟိုက နိဗ္ဗာန်ကို ဟောဒီမဂ္ဂင်လမ်းကသွားပါ |
| ၂၃၂။ | ၂၅·၃·၅၄ | ခွေးနက်ကြီးတွေမလာအောင် မသေခင်က ဝိပဿနာလုပ်ထားပါ |
| ၂၃၃။ | ၂၈·၉·၆၁ | ဉာဏ်နဲ့မြင်တဲ့အနိစ္စ၊ ပါးစပ်က မြည်တဲ့အနိစ္စ မဟုတ်ဘူးနော်။ |
| ၂၃၄။ | ၂၆·၃·၅၄ | ဒီဘဝ နိဗ္ဗာန်ရမည့်ပုဂ္ဂိုလ် (စိတ္တာနုပဿနာ) |
| ၂၃၅။ | ၁၈·၉·၆၁ | မဂ္ဂင်က ထုံးစံနဲ့ ဖွဲ့တိုက်ရတယ် |
| | ၂၄·၈·၆၁ | ဒီခန္ဓာငါးပါးနောက်က ဉာဏ်တရားလိုက်ပါ |
| ၂၃၆။ | ၁·၂·၆၀ | ပါရမီဘာ့ကြောင့်မလိုတာတုံး၊ ဒီနည်းအတိုင်းသာ အားထုတ်ပါ |
| ၂၃၇။ | ၃၀·၁၂·၆၁ | အားကိုးရာအစစ် ရှိကြပါစေ |
| ၂၃၈။ | ၁၀·၁၀·၆၁ | အပါယ်ဘေးကို တရားကမှ ကယ်နိုင်မယ် (ဝိပဿနာရှုနည်း) |
| ၂၃၉။ | ၂·၂·၆၀ | နိဗ္ဗာန်လိုချင်တာ တကယ်ဟုတ်ကဲ့လား (အဂ္ဂိဝစ္ဆ ပုစ္ဆာ) |
| ၂၄၀။ | ၁၂·၂·၅၅ | သေဖို့နီးပြီလို့ နှိုးတစ်ပေးနေပြီ၊ ပြင်ဦးမှတော်မယ် |
| ၂၄၁။ | ၁၄·၁·၆၁ | ဝိပဿနာခြံရံတဲ့ အလှူသည်သာ အမြတ်ဆုံး |
| ၂၄၂။ | ၁·၇·၆၁ | သစ္စာမသိတာ ငရဲထက်ကြောက်စရာကောင်းသည် |
| ၂၄၃။ | ၁၅·၁၂·၆၀ | သေခါနီးမှာ လောကွတ်မချော်ပါနဲ့ |
| ၂၄၄။ | ၁၁·၂·၅၅ | ကိုယ့်ကိုယ်ကိုယ် စိစစ်မိရဲ့လား၊ ယနေ့ကစပြီး ပြင်ပါ |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၂၄၅။ | ၂၂.၄.၆၂ | ထမင်းစားတတ်ကြပြီလား |
| | ၂၁.၁၁.၆၁ | အလှူ လှူတတ်ကြပြီလား |
| ၂၄၆။ | ၅.၅.၆၁ | ပြုံးမယ်များကြံရင် စဉ်းစားပါဦး |
| ၂၄၇။ | ၁၁.၁၁.၆၀ | အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေ၊ အချိန်မှီပါသေးတယ် |
| ၂၄၈။ | ၁၈.၁၁.၆၀ | အမှန်မျက်လုံးလေး ပေးပါရစေ |
| ၂၄၉။ | ၁၇.၆.၆၂ | အချောင်သမားတွေ နိဗ္ဗာန်လိုချင်လို့မရ |
| ၂၅၀။ | ၂၀.၃.၅၉ | ပါရမီရှိ၊ မရှိ ရွေးမနေပါနဲ့ |
| ၂၅၁။ | ၁၉.၂.၆၀ | တွေးချင်ရင် သစ္စာတွေးပါ |
| ၂၅၂။ | ၂၈.၅.၆၂ | တရားနာ မမှားပါစေနှင့် |
| ၂၅၃။ | ၁၉.၅.၆၂ | ဒိဋ္ဌိမပြုတ်ရင် ပထမနိဗ္ဗာန်မရ |
| ၂၅၄။ | ၅.၃.၅၆ | မဂ်ရေစင်ဖြင့် ငြိမ်းကြစမ်းပါ |
| ၂၅၅။ | ၂၂.၁၁.၆၁ | ဒုက္ခနဲ့ သုခ လဲယူတဲ့ပွဲ |
| ၂၅၆။ | ၂၃.၁၁.၆၁ | ဒုက္ခထဲမှာ မပျော်ကြပါနဲ့တော့ |
| ၂၅၇။ | ၂.၁.၆၁ | မဂ်ဉာဏ်ရမှ တင်းတိမ်ကြပါ (အနှစ်နှင့်အကာ) |
| ၂၅၈။ | ၇.၁၂.၆၀ | သေမင်းမကြောက်ပါနဲ့ (အဘိဘူ ရဟန္တာ) |
| ၂၅၉။ | ၈.၇.၅၈ | သတိပဋ္ဌာန် တစ်ပါးပါး ကြိုးစားရစ်ကြ |
| ၂၆၀။ | ၂၉.၉.၆၁ | ကျန်းမာတုန်း နွားလိုခိုင်းတာ သုခဝေဒနာ (အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်) |
| ၂၆၁။ | ၂၇.၁.၆၁ | ဝေဒနာပဲ ရှုကြပါစို့ |
| ၂၆၂။ | ၂၀.၁၁.၆၀ | သေနည်းအကောင်းဆုံး ဘယ်ဟာတုံး |
| ၂၆၃။ | ၂၈.၁၁.၆၁ | နိဗ္ဗာန်မရတာ ဘယ်နှယ့်ကြောင့်တုံး |
| ၂၆၄။ | ၁၇.၄.၆၂ | ရှုမှီးခြင်းကို ပြောင်းလိုက်ပါ(နှစ်ဆန်းတစ်ရက်နေ့) |
| ၂၆၅။ | ၂၁.၁၂.၆၀ | သူတော်ဆည်းကပ်၊ မြတ်တရားနာ (ဝိစိကိစ္ဆာ နီဝရဏ) |
| ၂၆၆။ | ၃.၃.၆၁ | ကိုယ့်ကိုယ်ကိုယ် သုံးသပ်စမ်းပါ (ဝိပ္ပလ္လာသ) |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
| --- | --- | --- |
| ၂၆၇။ | ၂၉·၉·၆၁<br>၃၀·၉·၆၁ | သုညတတရားတော်<br>(အကြီးဆုံးလက်ဆောင်ပေးလိုက်တာပါ) |
| ၂၆၈။ | ၁၀·၂·၅၅ | မကြုံကောင်းတာကြုံရင် အပါယ်ရောက်မယ်<br>(ကိန္နရီ၊ ကိန္နရာ) |
| ၂၆၉။ | ၁၉·၃·၆၁ | သစ္စာမသိလို့ သံသရာရှည်တာ<br>(အလုပ်စဉ် တရားတော်) |
| ၂၇၀။ | ၂၄·၂·၆၁ | ဒါန သီလလောက်နဲ့ တင်းတိမ်ပြီး မနေပါနဲ့ |
| ၂၇၁။ | ၂၁·၁၁·၆၀ | နိဗ္ဗာန်အကြောင်း (၁) |
| ၂၇၂။ | ၅·၁၂·၆၀ | နိဗ္ဗာန်အကြောင်း (၂) (အဂ္ဂိဝစ္ဆပုဏ္ဏား) |
| ၂၇၃။ | ၉·၇·၆၂ | ဉာဏ်ချိန်ခွင် (တရားအားထုတ်သူများအတွက်) |
| ၂၇၄။ | ၈·၁၂·၆၀ | ခန္ဓာထဲမှာတရားရှိတယ်၊ စောင့်ပြီးကြည့်စမ်းပါ |
| ၂၇၅။ | ၂·၉·၆၁ | နိဗ္ဗာန်အရောက်ပို့မည့် ဂါထာတော် |
| ၂၇၆။ | ၅·၂·၆၁ | ခန္ဓာက ပြောလာတာ ယုံလိုက်စမ်းပါ |
| ၂၇၇။ | ၂၂·၆·၆၁ | အပေါင်းအသင်းမလွဲပါစေနဲ့ |
| ၂၇၈။ | ၁၂·၁၂·၆၁ | ငရဲမျိုးစေ့ အရင်ဖြုတ်ပါ (သက္ကာယဒိဋ္ဌိ) |
| ၂၇၉။ | ၂၀·၄·၆၀ | ကောင်းတာလုပ် ကောင်းကျိုးပေးတယ်<br>(သမ္မာဒိဋ္ဌိ (၅) မျိုး) |
| ၂၈၀။ | ၁·၁၁·၅၅ | အမြင်မတူသရွေ့၊ ရန်ချည့်ပွားနေမှာပဲ |
| ၂၈၁။ | မိုးကုတ်ဟော | တရားနာယောဂီများ၏အလုပ်<br>(သဗ္ဗေသင်္ခါရာ အနိစ္စာ) |
| ၂၈၂။ | ၁·၁၀·၅၅ | ရှာမှ ရှားတဲ့အလှူ |
| ၂၈၃။ | ၂၅·၁·၆၀ | ဖြစ်ပျက်သာ မြင်အောင်ကြည့်ပါ (ဒိဋ္ဌုပါဒါန်) |
| ၂၈၄။ | ၁၅·၁၁·၆၁ | နိဗ္ဗာန်ကို သွားကြပါစို့ |
| ၂၈၅။ | ၅·၃·၆၀ | ပြင်ချိန်ရှိသေးလို့ ပြောနေရတာ (ရှင်ရေဝရ) |
| ၂၈၆။ | ၉·၇·၆၂ | အရှင်ကောဏ္ဍည သစ္စာသိသွားပြီ |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
| --- | --- | --- |
| ၂၈၇။ | ၁၅.၈.၆၁ | တစ်ဘဝတည်းနဲ့ နိဗ္ဗာန်ရောက်စေချင်လို့ |
| ၂၈၈။ | ၂၁.၁၁.၆၁ | တွေးလုံးပိုင်မှ ကမ္မဋ္ဌာန်းခွင်ဝင်ပါ |
| ၂၈၉။ | ၂.၁၂.၆၁ | တရားသည်သာ ကိုးကွယ်ရာ |
| ၂၉၀။ | မိုးကုတ်ဟော | ဘာကိုအရေးတကြီးလုပ်ရမှာတုံး |
| ၂၉၁။ | ၃၀.၃.၆၁ | ဒီငါးချက်နဲ့ ကြိုးစားကြပါ |
| ၂၉၂။ | ၃၀.၉.၆၂ | ကိုယ့်စိတ်ကိုသာနိုင်အောင်ထိန်းပါ<br>(သားကောင်ခြောက်ကောင်) |
| ၂၉၃။ | ၃၀.၆.၆၁ | ကတဉာဏ်<br>(သေတာတာပန်ဖြစ်ဖို့ အနီးဆုံးရှုနည်း) |
| ၂၉၄။ | ၂၃.၆.၆၁ | အမြင်မှန်နှစ်မျိုး (သင်္ခါရဒုက္ခ) |
| ၂၉၅။ | ၆.၇.၆၂ | မဂ်ကံကိုကြိုးစားပါ |
| ၂၉၆။ | ၈.၇.၆၂ | အရေးကြီးတာက သစ္စာသိဖို့ |
| ၂၉၇။ | ၁၁.၇.၆၂ | ကံအားကိုးရင်၊ ဇာတိဒုက္ခသစ္စာရမယ် |
| ၂၉၈။ | ၁၂.၇.၆၂ | အဝိုင်းပြေးမှလွတ်ချင်ရင်၊<br>သစ္စာသိပြီးတော့လုပ်ပါ။ |
| ၂၉၉။ | ၈.၇.၆၂ | ဒီသုံးဉာဏ်အရေးကြီးတယ်<br>(သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်) |
| ၃၀၀။ | ၉.၇.၆၂ | တစ်သက်မှာ တစ်ခါတွေ့တဲ့ဉာဏ်<br>(ဉာဏ်စဉ်သုံးပါး) |
| ၃၀၁။ | ၁၀.၇.၆၂ | ခန္ဓာ့ဖြစ်စဉ်၊ ဉာဏ်နဲ့မြင်<br>(ဧဟိပဿိကောခေါ်ရာ၊ သန္ဒိဋ္ဌိကောနဲ့<br>လိုက်) |

| အမှတ်စဉ် | ဟောကြားသောနေ့ | တရားတော် |
|---|---|---|
| ၃၀၂။ | ၁၁.၇.၆၂ | နိဗ္ဗာန်မသိရင်၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ် (နိဗ္ဗာန်အကြောင်းရှင်းပြပုံ) |
| ၃၀၃။ | ၁၂.၇.၆၂ | လောင်စာလဲသိမ်း၊ မီးလဲငြိမ်း (မအိ၊ မနာ၊ မသေရာ ရှာဖွေရာ) |
| ၃၀၄။ | ၁၃.၇.၆၂ | ဒုက္ခလွန်မြောက်၊ နိဗ္ဗာန်ရောက် (ဒုက္ခသိမှ ဒုက္ခငြိမ်းရာကိုရောက်မယ်) |
| ၃၀၅။ | ၈.၈.၆၂ | ဒုက္ခဓာတ်သိမ်းတဲ့နည်း (စိတ္တာနုပဿနာ) |
| ၃၀၆။ | ၁၄.၁၁.၆၀ | ဒိဋ္ဌိအရင်ဖြုတ်ပါ |